ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-4-2004)(၄၂၁၀)

သမဏာနဉ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လဇ္ဇာဘက်ဘုရင်မကြီးမွေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၁

၂၀၀၄ခုနှစ် ဧပြီလ ၂၁ ရက်တွင်ကျရောက်သော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇာဘက်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇာဘက်ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အစည်းအဝေး(၁/၂၀၀၄)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၀ပြည့်နှစ်မှ ယနေ့အထိ ဘောလုံးအားကစားမြင့်မားရေး ငွေကျပ် သိန်းသုံးထောင်ကျော် ကျခံသုံးစွဲခဲ့ အခြားသောအားကစားနည်းများပါ တိုးတက်မြင့်မားရေး ငွေကြေးများစွာသုံးစွဲလျက် အားပေးမြှင့်တင်နေ မြန်မာ့အားကစား တိုးတက်မြင့်မားရေး တာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ် အားပေးဆောင်ရွက် အားကစားမောင်မယ်များအပိုင်းက အောင်ပန်းဆွတ်ခူးနိုင်ရေး အားကြိုးမာန်တက် ကြိုးပမ်း

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအစည်းအဝေး(၁/၂၀၀၄)ကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမဌ်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❈

ယနေ့ထုတ်စောင်ရေ ၁၉၇၈၉၄

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၄-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စက်ရုံ၊အလုပ်ရုံများ စွမ်းအားအပြည့်အဝထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးတို့အတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် စီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်က စိုက်ပျိုးရေးအပါအဝင် စက်မှုလက်မှုနှင့် အခြားသောကုန်ထုတ်လုပ်မှု ကဏ္ဍအသီးသီး၌ ပြည်ပပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာရေးတို့ကို အားပေး ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အကြီးစားစက်မှုလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဌာနဖြစ်သည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် မူလတည်ဆောက်ထုတ်လုပ်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအပြင် ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် အင်းတကော်နယ်မြေ အလုပ်ရုံများစီမံကိန်းကို တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အင်းတကော်စက်မှုနယ်မြေ အလုပ်ရုံများစီမံကိန်းတွင် မော်တော်ယာဉ်သုံး စက်ပစ္စည်းထုတ်လုပ်ရေးအလုပ်ရုံများ၊ မော်တော်ယာဉ်ရေတိုင်ကီအမျိုးမျိုး၊ ကားဘီးခွေအမျိုးမျိုးနှင့် သတ္တုဘာယယာရင်များကို ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံစီမံကိန်းနှင့် အခြားသောစက်ရုံ၊ အလုပ်ရုံများကို ဆက်လက်တည်ဆောက် လုပ်ကိုင်လျက်ရှိသည်။

အလားတူ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန် စက်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံ၊ အလုပ်ရုံများကို တစုတစည်းတည်း ထူထောင်ထားသည့် စက်မှုနယ်မြေကြီးတစ်ခုကို ကျောက်ဆည်နယ်မြေတွင် တွေ့ရသည်။

ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁၁ရက်က ကျင်းပခဲ့သည်။ အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)သည် တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံ ကိုးသန်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး နောင်တွင် ကြက်သွန်အိတ်များပါ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ကျောက်ဆည် စက်မှုနယ်မြေ အတွင်းတွင် ဘိလပ်မြေစက်ရုံများ၊ ဆန်စက်နှင့် ဖွဲနုဆီစက်စက်ရုံများ၊ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ စက်မှုကုန်ကြမ်း ထုတ်လုပ်သည့် စက်ရုံများကို ဖြန့်ကြက်တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၀၄-၂၀၀၅ခုနှစ်သည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံနှစ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများအလိုက် စွမ်းအားအပြည့်အဝ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲတွင် ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့်စပ်လျဉ်းသည့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့၏ စီစဉ်မှုဖြင့် အမျိုးသမီးများအတွက် ကျောင်းပြင်ပပညာရေးနှင့် စပ်လျဉ်းသည့် ဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်နှင့် ဒေါ်ခင်ခင်ဝင်း၊ ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်မင်းသက်မွန်က ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ယင်းနောက် ဟောပြောပွဲ တက်ရောက်လာကြသူများက အမျိုးသမီးများအတွက် ကျောင်းပြင်ပ ပညာရေး ဟောပြောပွဲနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ဟောပြောပို့ချသူ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့အတွက် စာအုပ်စာတမ်းများ ပြန်လည်ပေးအပ်ပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မွေးနေ့အလှူတော်နှင့် ဂုဏာပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D.)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသဇ္ဈနာဘိဝံသအား အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်သူမြတ်များအား ဂုဏပူဇာမင်္ဂလာသဘင်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ ဧပြီ၂၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ် ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် အရှေ့ဝါယာလက်(၂)လမ်းရေကူး-ကမ္ဘာအေး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မန္တလေးတိုင်းသက်ကြီးပူဇော်ပွဲနှင့် ငါးလွှတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက်၊ မြန်မာနှစ်ဆန်းတစ်ရက် မွန်းလွဲ ၁နာရီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် နေဝင်းနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးခရိုင်အတွင်းရှိ အသက် (၉၀)နှစ်နှင့်အထက် အဘိုး၊အဘွားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုတောင်းမေတ္တာပို့သ

အစီအစဉ်အရ တိုင်းမှူးက အဘိုး၊အဘွားများအား လှူဒါန်းကန်တော့ခြင်းဆိုင်ရာများကိုရှင်းလင်းပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အဘိုး၊အဘွားများအား ကန်တော့ကြသည်။ ဆက်လက်၍ အဘိုး၊အဘွားများကိုယ်စား အဘိုး ဦးရဲအောင်က ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများက အဘိုး၊အဘွားများအားကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ အခမ်းအနားတွင် အသက် (၉၀)နှစ်နှင့်အထက် အဘိုး ၁၈ဦး၊ အဘွား ၄၆ဦး စုစုပေါင်း အဘိုး၊အဘွား ၆၄ဦးတို့အား ငွေကျပ် ၁၁၄၂၄၁၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်းငါးလွှတ်

ညနေ ၄နာရီတွင် တိုင်းမှူးသည် မန္တလေးနန်းမြို့တောင်ဘက် မင်္ဂလာတံတားထိပ် ကျုံးဘေးတွင် ကျင်းပသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစု၏ နဝမအကြိမ်မြောက် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်အားပေးသည်။

အစီအစဉ်အရ တိုင်းမှူးနှင့်ဇနီးတို့ကဦးဆောင်၍ ငါးကြင်းသားပေါက်ကလေးများကို မင်္ဂလာတံတား တောင်ဘက် ကျုံးအတွင်းသို့ ဘေးမဲ့လွှတ်ပေးရာ တက်ရောက်လာကြသူများ၊ မန္တလေးတပ်နယ်မိသားစုများကလည်း ကျုံးအတွင်း ငါးကြင်းသားပေါက်များကို တပျော်တပါးလွှတ်ပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာသင်္ဘောသားများ မှတ်ပုံတင်ထုတ်ပေးမည်

ရန်ကုန် ဧပြီ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နိုင်ငံတကာ ပင်လယ်ကူး မြန်မာသင်္ဘောသားများအား မြန်မာသင်္ဘောသားများ မှတ်ပုံတင် (Seafarer's Identity Document) SIDကို စိစစ်ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၂ရက် နံနက် ၁၀နာရီမှစ၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ ဧပြီလ ဂေါက်ရိုက်ပြိုင်ပွဲကို ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီခွဲတွင် တောင်ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အရှေ့တောင်အာရှနှင့် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေး ဆက်လက်မြှင့်တင်ကြိုးစား အားကစားကဏ္ဍအလိုက် မအောင်မြင်သည့် အကြောင်းရင်းများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြုပြင်

❀ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်း အဝေးတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်ဆောင်ရွက်ရေးနှင့် ယခင်အားကစားပြိုင်ပွဲများတွင် မိမိတို့ဆောင်ရွက်မှုများ၊ ပြိုင်ဆိုင်မှုများ၏ အားနည်းချက်၊ အားသာချက်များကို မှန်မှန်ကန်ကန်ပြန်လည်သုံးသပ်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်း။

အားတက်သရော

နိုင်ငံတော်အစိုးရက အားကစားကဏ္ဍ အောင်မြင်တိုးတက်မှုများရရှိရေး အတွက် မည်သည့်အချိန်ကာလနှင့်မှမတူသည့် ဦးဆောင်ပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကအပိုင်းကဏ္ဍကလည်း အားကစားသမားများအတွက်ရော၊ နည်းစနစ်များတိုးတက်မှုရရှိရေးအတွက်ပါ ကူညီပံ့ပိုးထောက်ပံ့မှုများကို အားတက်သရော တက်တက်ကြွကြွ အားပေးလျက်ရှိနေကြောင်း၊ အလားတူပင် ပြည်သူအပေါင်းကလည်း အားတက်သရော အားပေးလျက်ရှိကြကြောင်း။

နိုင်ငံတော်အနေဖြင့် **“မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည်”** ဆိုသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်ကိုထားရှိပြီး အားကစားကဏ္ဍတိုးတက်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသည်မှာ အချိန်အတော်ကြာလာခဲ့ပြီဖြစ်သော်လည်း အောင်မြင်မှုများ ထိုက်သင့်သလောက် မရရှိသေးဘဲ အားကစားကဏ္ဍအလိုက် ချို့ယွင်းအားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

ဌာနဆိုင်ရာ အပိုင်းကရော လက်တွေ့အကောင်အထည်ဖော်သူများအပိုင်းပါ အားနည်းမှုများရှိနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို အားသစ်လောင်းပြင်ဆင်ဖွဲ့စည်းပြီး အားကစားတိုးတက်မြင့်မားမှုများရရှိအောင် ဆောင်ရွက်စေခဲ့ကြောင်း။

ဆက်လက်မြှင့်တင်

သို့ဖြစ်၍ ပြီးခဲ့သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း ငါးနိုင်ငံပါဝင်သည့် ဘင်းစတက် အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့ရရှိသည့် အောင်မြင်မှုကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ရေးနှင့် အရှေ့တောင်အာရှ၊ အာရှပြိုင်ပွဲစသည့် ပိုမိုကျယ်ပြန့်သည့် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိရေး အတွက် ဆက်လက်မြှင့်တင်ကြိုးစားသွားကြရန်လိုကြောင်း၊ တာဝန်ရှိသူများရော၊ အားကစားသမားများပါ မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုအပေါ် ရောင့်ရဲတင်းတိမ်ကျေနပ်မနေဘဲ မိမိတို့နှင့် အလားတူ အခြားသောနိုင်ငံများကလည်း ကြိုးပမ်းလျက်ရှိနေသည်ကိုသိရှိပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမိုပြီး ပြင်းပြင်းထန်ထန် ကြိုးစားကြရဦးမည်ဆိုသည့် ခံယူချက်ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းသွားကြရန် လိုကြောင်း။

ယနေ့အချိန်အခါတွင် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိစေရန် ငွေကြေး အကုန်အကျခံပြီး ပံ့ပိုးထောက်ပံ့ဆောင်ရွက်ပေးနေသော်လည်း အောင်မြင်မှုများ လိုက်လျောညီထွေမဖြစ်ထွန်းလာသေးသည့် အကြောင်းရင်းများကို မှန်မှန်ကန်ကန် စိစစ်လေ့လာသုံးသပ်ပြီး အောင်မြင်မှုရရှိအောင် ပြုပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထောက်ပံ့ပေးနေ

အမျိုးသားအားကစားနည်းဖြစ်သည့် ဘောလုံးအားကစားအောင်မြင်ရေး အတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးပေးမှုများအပြင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌထံသို့ ကမ္ဘောဇဘဏ်က လှူဒါန်းသည့်အလှူငွေဖြင့် လက်ရွေးစင်အသင်းလေးသင်းမှ အားကစားသမားများအတွက် လစဉ်ထောက်ပံ့ကြေး၊ စားစရိတ်၊ ဝတ်စုံစရိတ်၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုနည်းတူ နည်းပြဆရာများနှင့် အုပ်ချုပ်သူများကိုပါ လစဉ်ထောက်ပံ့ကြေးနှင့် စားစရိတ်များ ထောက်ပံ့ပေးလျက်ရှိနေကြောင်း။

ကျပ်သိန်းပေါင်းသုံးထောင်ကျော်

ထို့ပြင် ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်သည့်အခါတွင်လည်း လိုအပ်သည့် ပံ့ပိုးထောက်ပံ့မှုများပေးလျက်ရှိကြောင်း၊ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ မြန်မာနိုင်ငံအိုလံပစ်ကောင်စီ အလှူငွေတစ်ခုတည်းမှပင် ဘောလုံးအားကစားမြင့်မားရေးအတွက် ငွေကျပ်သိန်းပေါင်းသုံးထောင်ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်၏ အစီအမံဖြင့် စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဘောလုံးအားကစားနည်းတူ အခြားသောအားကစားနည်းများပါ တိုးတက်မြင့်မားရေး အတွက်ကိုလည်း ငွေကြေးများစွာသုံးစွဲလျက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း။

ထို့ကြောင့် မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် တာဝန်ရှိသူများ အားလုံးက ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ အားပေးဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အားကစားမောင်မယ်များအပိုင်းကလည်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်လာစေရအောင် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အတွင်းရေးမှူး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီ အစည်း အဝေး (၁/၂၀၀၄) တွင် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ အတွင်းရေးမှူး၊ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဖြစ်သည့် မြန်မာ-ထိုင်းနှစ်နိုင်ငံ အိုလံပစ်ကော်မတီတို့အကြား အားကစားပူးပေါင်းဆောင်ရွက်ရေးနားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းကိစ္စ၊ အာဆီယံ-အိန္ဒိယကားပြိုင်ပွဲ (ASEAN India, Car Rally) ကျင်းပရေးကိစ္စ၊ မြန်မာ-ထိုင်း အိုလံပစ်ကော်မတီတို့ ပူးပေါင်းကျင်းပမည့် ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အပြေးပြိုင်ပွဲ (Olympic Day Run) ကျင်းပရေးကိစ္စ၊ ကမ္ဘာ့အားကစားတွင် တားမြစ်ဆေးဝါး သုံးစွဲမှုဆန့်ကျင်ရေးအေဂျင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရေး လက်မှတ်ရေးထိုး ခဲ့ခြင်းကိစ္စ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အိုလံပစ်စည်းလုံးညီညွတ်ရေး အစီအစဉ်အရ အားကစားအုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်မည့်ကိစ္စ၊ ၂၀၀၄ခုနှစ် အေသင်အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးကိစ္စ၊ ၂၀၀၅ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရေးကိစ္စ၊ ၂၀၀၄ခုနှစ် ပထမလေးလပတ်အတွင်း နိုင်ငံတကာအားကစားယှဉ်ပြိုင်မှုများနှင့် အားကစားကိစ္စများ ဆောင်ရွက်မှု အခြေအနေ၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Miss ASEAN Culture, 2004 ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် Miss ASEAN Culture (Myanmar) ရွေးချယ်ပွဲကျင်းပရေးကိစ္စ၊ မျိုးဆက်သစ်အားကစား သမားများ ရွေးချယ်လေ့ကျင့်ပေးမှုအခြေအနေ၊ နွေရာသီအားကစားသင်တန်းများ အခြေအနေ၊ ရန်ကုန်တိုင်းအတွင်း အဆင့်မြင့် ပြုပြင်ဖောက်လုပ်လျက်ရှိသော အားကစားကွင်းများအခြေအနေနှင့် အားကစားရန်ပုံငွေအခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးနေမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ က စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်အားကစားသမားများအား ထောက်ပံ့လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထိုင်းကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ရောက်ရှိ ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမည်

ရန်ကုန် ဧပြီ ၂၀

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ချုပ် Mr. Piamsak Milintachinda ဦးဆောင်သော ထိုင်းကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ထိုင်းကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာန အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ တွင် ရောက်ရှိနေစဉ်အတွင်း နှစ်နိုင်ငံ ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ် သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၉၁) နေ ဒေါက်တာဒေါ်စန်းလွင်၊ ကထိကဒေါ်မြင့်သန်းတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းသို့ ဧပြီ၄ရက် က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကြေးမုံ နိုင်ငံတကာ သတင်းများ

ဧပြီ ၁၈ ရက်က အီရတ်ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါး၏ နေအိမ်ပြင်ပတွင် ၎င်းအား ထောက်ခံသူ အီရတ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်အရေး ကုလလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ချမှတ်ရန် အီးယူ တိုက်တွန်း

ဒပ်ဘလင်   ဧပြီ   ၁၉

ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံခြားရေးဝန်ကြီးများသည် အီရတ်ဆိုင်ရာကိစ္စတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အသစ်တစ်ရပ် ချမှတ်ရန် တိုက်တွန်းလိုက်ပြီး အီရတ်၏ နိုင်ငံရေးအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်၌ ကုလသမဂ္ဂ၏အခန်းကဏ္ဍ အရေးပါမှုကိုထောက်ခံရန် သောကြာနေ့တွင် သဘောတူညီလိုက်သည်။

အီးယူ လက်ရှိအဖွဲ့ဝင် ၁၅ နိုင်ငံနှင့် အဖွဲ့ဝင်အသစ် ၁၀ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်ရက်ကြာ အလွတ်သဘောဆွေးနွေးပွဲကို အိုင်ယာလန်နိုင်ငံ အလယ်ပိုင်း တူလာမိုးမြို့တွင် သောကြာနေ့က စတင်ကျင်းပရာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တဖြည်းဖြည်းချင်း ဆိုးရွားလာသည့် အီရတ်နိုင်ငံ လုံခြုံရေးနှင့် ကိုဆိုဗို အခြေအနေတို့ကို ဦးစားပေး ဆွေးနွေးကြသည်။

သဘောတူညီ

ဇွန် ၃၀ ရက် မတိုင်မီနှင့် အီရတ်အချုပ်အခြာအာဏာပိုင်မှု လွှဲပြောင်းမပေးအပ်မီ အီရတ်နိုင်ငံအရေးနှင့် ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်ရပ် အမြန်ဆုံးချမှတ်ရန် လိုအပ်ကြောင်းကို အီးယူအဖွဲ့ဝင် နိုင်ငံအားလုံးက သဘောတူညီကြောင်း အီးယူ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဆွေးနွေးပြီးနောက် အီးယူနိုင်ငံခြားရေးရာ အကြီးအကဲ ဟာဗီးယားဆိုလာနာက သတင်းထောက်များအား ပြောကြားသည်။

ဆုံးဖြတ်ချက်တွင်ပါရှိရမည့် အချက်အလက်များနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီဝင်များအကြား အချေအတင် ဆွေးနွေးနေကြသော်လည်း ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်ကြောင်းကို မိမိတို့ သဘောတူညီကြကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး အစီအစဉ် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ကြိုဆို

ကရာကာ့စ်(ဗင်နီဇွဲလား)   ဧပြီ   ၁၉

အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို အပြင်းအထန် ပြစ်တင်ဝေဖန်သူတစ်ဦးဖြစ်သည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့များ ရုပ်သိမ်းရေး လှုပ်ရှားမှုနှင့် ပတ်သက်၍ မှန်ကန်သည့် ဆုံးဖြတ်ချက်တစ်ခုအဖြစ် တနင်္ဂနွေနေ့တွင် ထောက်ခံကြိုဆို လိုက်သည်။

ယခင် ကြည်းတပ်အရာရှိတစ်ဦး ဖြစ်ခဲ့ဖူးပြီး လက်ဝဲဝါဒီတစ်ဦးဖြစ်သူ ချာဗက်ဇ်သည် အမေရိကန်အစိုးရ၏ မူဝါဒများနှင့် ပတ်သက်၍ မကြာခဏ ဝေဖန်ပြောကြားလေ့ရှိသည်။

၎င်းသည် လွန်ခဲ့သော သီတင်းပတ်အတွင်းက နယ်ချဲ့ကျူးကျော်သူ အမေရိကန်တို့အား တိုက်ခိုက်လျက်ရှိသည့် အီရတ်နိုင်ငံသားများကို ထောက်ခံခဲ့ပြီး အီရတ်နိုင်ငံအတွင်း မကြာသေးမီက ခုခံတိုက်ခိုက်မှုများ ရုတ်တရက် ဖြစ်ပွားမှုများအတွက် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်အား ပြစ်တင်ဝေဖန်ခဲ့သည်။

စပိန်တပ်ဖွဲ့ဝင်အင်အား ၁၃၀၀ ကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်းက အကျိုးအကြောင်းလျော်ကန်သင့်မြတ်မှု ရှိကြောင်း ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌ ဒဏ်ရာရရှိ

လန်ဒန် ဧပြီ ၁၉

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဗြိတိန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရသဖြင့် ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အမရာမြို့အနီး စနေနေ့ ညနေက ဖြစ်ပွားသည့် တိုက်ပွဲတွင် ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦးတို့ သေနတ်ဒဏ်ရာရသွားသော်လည်း အသက်ဘေးမှ စိုးရိမ်စရာမရှိဟု ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အင်တာနက်။

အီရတ်ပဋိပက္ခသည် ဗီယက်နမ်စစ်ပွဲထက် ပိုမိုစိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည်ဟုဆို

တူလာမိုး(အိုင်ယာလန်)   ဧပြီ   ၁၉

အီရတ်ပဋိပက္ခသည် ဗီယက်နမ်စစ်ပွဲထက် စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး ယင်းနှစ်နိုင်ငံကြားမည်သည့်နှိုင်းယှဉ်ပြောကြားမှုမျိုးမဆို အံချော်လျက်ရှိနေကြောင်း ဥရောပသမဂ္ဂ နိုင်ငံခြားဆက်ဆံရေး မင်းကြီးက စနေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ အခြေအနေသည် ဗီယက်နမ် ပြဿနာကဲ့သို့ ခက်ခဲနက်နဲလာနိုင်သည်ဟု နှိုင်းယှဉ်ပြောကြားမှုသည် အံကိုက်မှု မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အငြင်းပွားလောက်အောင် လေးနက်ပြီး အထူးစိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည်ဟု မိမိထင်မြင်မိသောကြောင့် ဖြစ်ကြောင်းဖြင့် ခရစ္စပက်တန်က ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများနှင့် အိုင်ယာလန်တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ခံစားနေရမည်

အီရတ်နိုင်ငံတွင် မှားယွင်းမှုများ ဖြစ်ပေါ်နေလျှင် မိမိတို့အနေဖြင့် မှားယွင်းမှု၏ အကျိုးဆက်ကို ကာလအတန်ကြာအထိ ခံစားနေရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

နှိုင်းယှဉ်ပြောကြား

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှု တစ်ဟုန်ထိုး မြင့်တက်လာမှုနှင့် ဓားစာခံအဖြစ် ဖမ်းဆီးမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်မှုက အီရတ်နှင့် အမေရိကန်ပြည်ထောင်စုကြား ဗီယက်နမ်စစ်နှင့် နှိုင်းယှဉ်ပြောကြားမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တိုက်ပွဲတွင် ကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံး

ဘဂ္ဂဒက်   ဧပြီ   ၁၈

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲများဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့သည်။ ယင်းသို့သေဆုံးရာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ငါးဦးမှာ ဆီးရီးယားနယ်စပ်၌ ဖြစ်ပွားသည့် တိုက်ပွဲများတွင် သေဆုံးခဲ့ရခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် လေးဦးမှာ ဘဂ္ဂဒက်မြို့တော်တောင်ဘက်နှင့် အနောက်ဘက်တို့တွင် ချုံခိုတိုက်ခိုက်ခံရရာ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းသို့တိုက်ခိုက်ရာတွင် အီရတ်နိုင်ငံသားခုနစ်ဦးလည်း သေဆုံးခဲ့သည်။

ထိုအတောအတွင်း နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးကို ထောက်ခံသူတို့အကြား ထိပ်တိုက်တွေ့မှုများမှာလည်း အခြေအနေ ဆက်လက်တင်းမာနေဆဲဖြစ်သည်။ နှစ်ဦးနှစ်ဖက်စေ့စပ်ဖျန်ဖြေမှုများမှာ ယခုအချိန်အထိ မအောင်မမြင်ဖြစ်နေရကြောင်း ဆာဒါး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အကယ်၍ နာဂျက်ဖ်မြို့အတွင်းသို့ ဝင်ရောက်ရန် အမေရိကန်တို့က ဆုံးဖြတ်လျှင် တိုက်ပွဲပြင်းထန်လာမည်ဖြစ်သည်။ အီရတ်နိုင်ငံမှ သီးခြားတိုက်ခိုက်မှုနှစ်ရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်တပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ***အင်တာနက်။***

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခဆိုင်ရာ အမေရိကန်၏ မူဝါဒကို အာရပ်အဖွဲ့ချုပ် ပယ်ချ

ကိုင်ရို   ဧပြီ   ၁၉

အဖွဲ့ဝင် ၂၂ နိုင်ငံ ပါဝင်သည့် အာရပ်အဖွဲ့ချုပ်က အမေရိကန်ပြည်ထောင်စု၏ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခဆိုင်ရာ မူဝါဒအသစ်ကို စနေနေ့က ပယ်ချလိုက်ပြီး ယင်းမူဝါဒသည် အရှေ့အလယ်ပိုင်းဒေသ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် အန္တရာယ်တစ်ရပ်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

စွန့်လွှတ်သင့်

အစ္စရေးနိုင်ငံက ၎င်းသိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်း၏ အစိတ်အပိုင်းများကို ဆက်လက် ထိန်းချုပ်ထားနိုင်ဖွယ်ရှိကြောင်း၊ ထို့နောက် ပါလက်စတိုင်းဒုက္ခသည်များအနေဖြင့် အစ္စရေးလူမျိုးများ ရှိနေသည့် နေရာဒေသရှိ ၎င်းတို့၏အိမ်များအား ပြန်လည်ပိုင်ဆိုင်လိုသည့် ရည်ရွယ်ချက်များကို စွန့်လွှတ်သင့်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်က ယခုရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်သည့် ပါလက်စတိုင်း၏ မေတ္တာရပ်ခံချက်အရ အာရပ်အဖွဲ့ချုပ်က သမ္မတဘုရှ်၏ ပြောကြားချက်အား တုံ့ပြန်သည့်အနေဖြင့် အမြဲတမ်းကိုယ်စားလှယ်အဆင့်ရှိ အထူးအစည်းအဝေးကို ကိုင်ရို၌ စနေနေ့တွင် ပြုလုပ်နေသည်။

အဆိုပါ အာရပ်အဖွဲ့ချုပ်က အမေရိကန်၏ ရပ်တည်ချက်သစ်အား ပယ်ချကြောင်း၊ တညီတညွတ်တည်း အခိုင်အမာ ရပ်တည်ကြကြောင်း၊ ယင်းအမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်သည် အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပျက်စီးစေဖွယ်ရှိကြောင်း တရားဝင် ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အားပေးအားမြှောက်ပြု

အမေရိကန်ပြည်ထောင်စု၏ ရပ်တည်ချက်သစ်သည် အစ္စရေးနိုင်ငံအား ပါလက်စတိုင်းပြည်သူလူထုအပေါ် ဇက်ရဲလက်ရဲ ဆက်လက်ကျူးကျော်ခွင့်နှင့် အရှေ့အလယ်ပိုင်းဒေသတစ်ဝန်းရှိ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် အန္တရာယ်များကို ဆက်လက်ပေါ်ပေါက်စေရန် အားပေးအားမြှောက်ပြုပေးလိုက်ခြင်းပင်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

အမေရိကန်ပြည်ထောင်စုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မူဝါဒစည်းမျဉ်းများ မပျက်စီးစေရန် ကာကွယ်မှုပေးရန် လိုအပ်နေကြောင်း အာရပ်အဖွဲ့ချုပ်က တိုက်တွန်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၁၈ ရက်က အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့ လမ်းမတွင် ပိတ်ဆို့နေရာယူထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အီရတ်တွင် ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများ အဆုံးသတ်နိုင်ရန် ကုလကြီးကြပ်ပြီး နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာသင့်ဟု ပြင်သစ်ပြောကြား

ပါရီ ဧပြီ ၁၉

ကုလသမဂ္ဂ၏ အဆုံးအဖြတ်ဖြင့် အာမခံချက်ပေးထားသော စစ်မှန်သည့် အချုပ်အခြာအာဏာ လွှဲပြောင်းရေးကိစ္စတစ်ရပ် အီရတ်တွင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ်နိုင်ငံရေးအင်အားစုများကို ကိုယ်စားပြုသော အီရတ်ပြည်သူများ၏ကိုးစားမှုကို ခံယူနိုင်သည့် အစိုးရမျိုး အီရတ်နိုင်ငံတွင် ရှိနေရန်လိုသည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မီချယ်လ်ဘာနီယာက ပြင်သစ်နိုင်ငံ၏ ဥရောပနံ့ပါတ်တစ် ရေဒီယိုအသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

၎င်းက ကုလသမဂ္ဂအီရတ်ဆိုင်ရာ သံတမန်၏ အဆိုပြုချက်ကို ထောက်ခံသည်ဟုဆိုသည်။ အီရတ်နိုင်ငံတွင် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသောညီလာခံတစ်ရပ် ကျင်းပသွားရန်နှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် အီရတ်အစိုးရတင်မြှောက်နိုင်ရေးအတွက် ရွေးကောက်ပွဲတစ်ရပ် ကျင်းပရေး ပြင်ဆင်ရန်ကိုပါ ကုလသမဂ္ဂ၏ အီရတ်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဘရာဟီမီက အကြံပြုထားသည်။

အီရတ်နိုင်ငံ၌ ယခုဖြစ်ပေါ်နေသော တိုက်ခိုက်မှုများ အဆုံးသတ်သွားစေလိုလျှင် ကြုံတွေ့နေရသော ပြဿနာများကို ဖြေရှင်းရန် ကုလသမဂ္ဂအဖွဲ့၏ ကြီးကြပ်မှုနှင့် နိုင်ငံရေးသဘောအရ ဆွေးနွေးအဖြေရှာသင့်သည်ဟု ရှုမြင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

— စီစဉ်ရမည် —

အီရတ်တွင်အာဏာလွှဲပြောင်းပေးမည့် နေ့ရက်ကို လာမည့် ဇွန်လ ၃၀ ရက်နေ့ဟု သတ်မှတ်ထားသည်။ ထိုသို့ လွှဲပြောင်းပေးရာ၌ လက်ခံရယူမည့်အဖွဲ့သည် အီရတ်နိုင်ငံရေး အင်အားများဖြစ်ကြသော ရှီးယိုက်၊ ဆွန်နီနှင့် ကာ့ဒ် အင်အားစုများ လက်ခံနိုင်အောင် စီစဉ်ရမည်ဖြစ်သည်ဟု ဘာနီယာကဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီ ၁၈ ရက်က ဖော်လူဂျာမြို့တွင် အီရတ်နေအိမ်တစ်အိမ်၏ မီးဖိုချောင်အတွင်း ရှာဖွေစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများနှင့် တိုက်ခိုက်မှုဖြစ်ပွား မရိန်းတပ်ဖွဲ့ဝင်ငါးဦး သေဆုံးမှု ကန်စစ်ဘက်က အတည်ပြု

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်နိုင်ငံ အနောက်ပိုင်း ဆီးရီးယားနိုင်ငံနှင့်နယ်စပ်ချင်း ထိစပ်သည့် ဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်ပြောက်ကျားများနှင့် စနေနေ့က တိုက်ခိုက်မှုဖြစ်ပွားရာ မရိန်းတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်ဟူသည့် သတင်းစာ၏ စောစောပိုင်းကာလက ရေးသားမှုအား အီရတ်ရှိ အမေရိကန်စစ်ဘက်က စနေနေ့တွင် အတည်ပြုခဲ့သည်။

ယင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ စနေနေ့ကသေဆုံးမှုသည်အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအတွက်အကျဉ်းအကျပ်အဖြစ် ရောက်ခဲ့ရသည့် နေ့တစ်နေ့အဖြစ် ရောက်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ဦးဆောင်အပေါင်းပါတပ်များ လွန်ခဲ့သည့်နှစ်မတ်လက ကျူးကျော်ဝင်ရောက်ပြီးသည့်နောက်တစ်ရက်တည်းတွင် လူ ၁၁ဦးထက်မနည်း သွေးမြေကျခဲ့ရသည့် နေ့ရက်ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။

အမှတ်(၁)မရိန်းနိုင်ငံခြားတပ်ဖွဲ့မှ မရိန်းတပ်ဖွဲ့ဝင် ငါးဦးသည် ဟူဆေဘာဒေသတွင် ယမန်နေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်အား သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဟူဆေဘာမြို့သည် အီရတ်နိုင်ငံအနောက်ပိုင်းတွင်တည်ရှိပြီး အီရတ်-ဆီးရီးယားနယ်စပ်မှ ကီလိုမီတာ အတန်မျှဝေးကွာသည်။

အီရတ်နှင့် ဆီးရီးယားနယ်စပ်ရှိ ဟူဆေဘာမြို့အနီးတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်အရပ်ဘက်လက်နက်ကိုင် ၃၀၀ခန့်တို့နှင့် ၁၄နာရီကြာ ပြင်းထန်သည့် တိုက်ခိုက်ကြစဉ်အတွင်း မရိန်းတပ်ဖွဲ့ဝင် ငါးဦး သေဆုံးကြောင်း စိန့်လူးဝစ္စ သတင်းစာက တနင်္ဂနွေနေ့က ရေးသားခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင်ဒါဇင်ချီရှိသော အီရတ်ပြောက်ကျားများ သေဆုံးခဲ့ပြီး ပြောက်ကျား၂၀ဦး ဖမ်းဆီးခံခဲ့ရသည်။

ယင်းတိုက်ခိုက်မှုတွင် အမေရိကန်စစ်ရဟတ်ယာဉ်အကူအညီဖြင့် စစ်ကူများရောက်ရှိလာရာ ပြောက်ကျား ၁၅၀က ရိုင်ဖယ်နှင့် ဒုံးပစ်လောင်ချာများဖြင့် သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်ကြကြောင်း အမှတ်(၁)မရိန်းတပ်မ၏ သတင်းလွှာတွင်ဖော်ပြထားသည်။

အီရတ်တိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းကို ဒီဝါနီယာမြို့အနီး စနေနေ့ညက ချုံခိုတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း အခြားသော အမေရိကန် သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေနံတင်ကားများကို စောင့်ကြပ်နေသည့် ကန်တပ်ဖွဲ့ဝင်

ဧပြီ ၁၈ ရက်က အီရတ်နိုင်ငံ မြောက်ပိုင်း မိုဆူးလ်မြို့ လမ်းမပေါ်တွင် ရေနံတင်ကားများကို စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်တပ်ဖွဲ့များ အီရတ်မှပြန်ရုပ်ရန် ဝန်ကြီးချုပ်သစ် ဇာပါတီရိုအမိန့်ထုတ်

မဒရစ် ဧပြီ ၁၉

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော စပိန်တပ်ဖွဲ့ဝင် ၁၃၀၀တို့ကို အဆိုပါနိုင်ငံမှ အစောဆုံးပြန်လည် ထွက်ခွာလာကြရန် စပိန်နိုင်ငံဝန်ကြီးချုပ်အသစ် ဇာပါတီရိုက တနင်္ဂနွေနေ့တွင် အမိန့်ထုတ်လိုက်သည်။

ယခုနှစ် မတ် ၁၄ ရက်က စပိန်နိုင်ငံတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် ဇာပါတီရို၏ ဆိုရှယ်လစ်ပါတီက အနိုင်ရရှိခဲ့သည်။ ဇာပါတီရိုက ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးနောက် တစ်ရက်အကြာတွင် စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းမည့်သတင်းကို ရုပ်မြင်သံကြားမှ မျှော်လင့်ဘဲ ကြေညာခဲ့သည်။ စပိန်တပ်ဖွဲ့ဝင်များကိုအီရတ်မှ အမြန်ဆုံးနှင့် စိတ်အချရဆုံး အစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်ရန် စပိန်ကာကွယ်ရေးဝန်ကြီးအသစ် ဂျိုဆေးဘိုနိုကို တာဝန်ပေးထားပြီးဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂအဖွဲ့က အီရတ်နိုင်ငံ၏ ကိစ္စများကို ဇွန် ၃၀ ရက် နောက်ပိုင်းတွင် တာဝန်မယူနိုင်ခဲ့လျှင် စပိန်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စဉ် ကာလတွင် ဇာပါတီရိုက အကြိမ်ကြိမ် ပြောကြားခဲ့သည်။ သူသည် အမေရိကန်ကဦးဆောင်၍ အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့သည့်ကိစ္စကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူတစ်ဦးဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အာဆီယံခရီးသွားလုပ်ငန်း ပူးတွဲအစီအစဉ် စတင်အကောင်အထည်ဖော်

ဗန်ကောက် ဧပြီ ၁၉

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်နေထိုင်သူများအနေဖြင့် မိမိတို့အားလပ်ရက်များတွင် အဖွဲ့ဝင်တစ်နိုင်ငံထက်ပို၍ အလည်အပတ်သွားရောက်ကြခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိုရည်ရွယ်သော ပူးတွဲအစီအစဉ်တစ်ရပ်ကို အာဆီယံအဖွဲ့က စတင်အကောင်အထည်ဖော်လျက်ရှိသည်။

ယှဉ်ပြိုင်ခွင့်ပြု

အာဆီယံ ဟစ်ဟော့ပ်ခရီးသွားအစီအစဉ်ဟု ခေါ်ဆိုကြသော အဆိုပါခရီးသွားလုပ်ငန်း အထူးအစီအစဉ်ကို ၂၀၀၅ခုနှစ် မတ် ၃၁ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းအစီအစဉ်အရ အာဆီယံဒေသတွင်း နိုင်ငံများမှ နိုင်ငံသားများအတွက် ဒေသတွင်းခရီးသွားလာခ ဈေးနှုန်းများကို ယှဉ်ပြိုင်ခွင့်ပြုထားသည်။

အဆိုပါ ခရီးသွားလုပ်ငန်းအစီအစဉ်တွင် လေကြောင်းပို့ဆောင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ခွင့်ပြုချက်လက်မှတ်များပါရှိပြီး ယင်းလက်မှတ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌သာ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

လေကြောင်းခရီးလက်မှတ်နှင့်ပတ်သက်၍ အဖွဲ့ဝင်အနည်းဆုံးနှစ်နိုင်ငံသို့ လည်ပတ်ခွင့်ပြုထားပြီး ငါးရက်မှတစ်လအထိ ကြာမြင့်သောကာလအတွင်း လေကြောင်းခရီးစဉ်သုံးခုအတွက် ၃၉၉ဒေါ်လာနှုန်း သတ်မှတ်ထားသည်။ နောက်တိုးခရီးစဉ်တစ်ခုစီအတွက် ဒေါ်လာ ၁၅၀နှုန်းဖြင့် သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါအာဆီယံအထူးခရီးသွားအစီအစဉ်တွင် ဟိုတယ်အရေအတွက် အနည်းဆုံး ၁၅၇ခုတို့ပါဝင်လုပ်ကိုင်လျက်ရှိပြီး လွန်ခဲ့သောနှစ် တတိယသုံးလပတ်အတွင်းက စတင် အကောင်အထည်ဖော်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၁ရက်မှ ၁၈ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၉၉ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်၌ ဧပြီ ၁ ရက်နေ့မှစ၍ ပေါ်ပေါက်သည့် တိုက်ပွဲများတွင် သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၉၉ ဦး ရှိသွားပြီ ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနယ်စပ်အနီး ဖြစ်ပွားသည့် တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံးမှု အပါအဝင် အီရတ်နိုင်ငံတစ်ဝန်း စနေနေ့က ဖြစ်ပွားသည့် တိုက်ပွဲများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း တိုက်ဖြစ်ပွားစဉ် တင့်ကားတိမ်းမှောက် သေဆုံးသွားသည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

အင်တာနက်။

လေကြောင်းတိုက်ခိုက်

ဧပြီ ၁၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်တစ်လုံး၏ အတွင်းပိုင်းကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျက်စီးနေသောနေအိမ်

ဧပြီ ၆ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ပျက်စီးနေသော နေအိမ်အဆောက်အအုံအတွင်း အီရတ်လူငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ရက်က ဘဂ္ဂဒက်မြောက်ဘက် ဆာဒါစီးတီးဒေသ၌ ဒုံးကျည်များကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

ဧပြီ ၅ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ဆာမာရာမြို့တွင် အမေရိကန်တင့်ကားတစ်စီး၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်တစ်အိမ်မှ ပစ္စည်းများ လိုက်လံစုဆောင်းနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၈ရက်က ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးခဲ့ရသည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ ရက်က လေကြောင်းမှတိုက်ခိုက်ခံရမှုကြောင့် မြို့တော်ဘဂ္ဂဒက်ရှိ အဆောက်အအုံတစ်လုံး ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်

နိုင်ငံတော်၏ အနာဂတ်လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရှင်များကို မွေးထုတ်ပေးပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရေးအတွက် မန္တလေးတိုင်း မိတ္ထီလာမြို့၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၏ တည်ဆောက်မှုအခြေအနေကို ၂၀၀၄ ခုနှစ် ဧပြီ ၁၂ရက်က ဤသို့တွေ့ရသည်။

မြန်မာကွန်ဗင်းရှင်းစင်တာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက တာဝန်ယူတည်ဆောက်ပြီး (၅၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၄ခုနှစ် မတ် ၂၆ရက်က ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ **Myanmar Convention Centre** ကို တွေ့ရစဉ်။

တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး တည်ဆောက်လျက်ရှိပြီး ၂၀၀၄ခုနှစ် ဇူလိုင်လတွင် စက်စမ်းသပ် လည်ပတ်မည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)ကို တွေ့ရစဉ်။



မြန်မာ့စက်မှုလက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်နိုင်အောင်

အတတ်ပညာအား၊ တီထွင်ကြံဆမှုအား၊ ပူးပေါင်းဆောင်ရွက်မှုအားတို့ဖြင့် ဖိဖိစီးစီး အလေးထားလုပ်ကိုင်ရန် အချိန်ရောက်နေ

✻ တစ်နိုင်ငံလုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို သုံးသပ်တင်ပြလိုကြောင်း။

ပထမကာလတို လေးနှစ်စီမံကိန်းကာလ ၁၉၉၂-၉၃ မှ ၁၉၉၅-၉၆ အတွင်း စက်မှုကဏ္ဍသည် တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၀ ရာခိုင်နှုန်းခန့်၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်း ကာလ ၁၉၉၆-၉၇ မှ ၂၀၀၀-၂၀၀၁ အတွင်း တစ်နှစ်ပျမ်းမျှ ၁၀ ဒသမ ၇ ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်ခဲ့ပြီး လက်ရှိတတိယကာလတို ငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ ခုနှစ်၌ ၂၁ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ ခုနှစ်၌ ၂၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်၌ ၂၂ ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက်လာလျက်ရှိကြောင်း၊ **တစ်နည်းအားဖြင့် စက်မှုကဏ္ဍသည် အရှိန်အဟုန်ဖြင့် မြင့်မြင့်မားမား တိုးတက်လာလျက်ရှိသည်ဟု ဆိုရမည်ဖြစ်ကြောင်း။**

ဒုတိယစီးပွားရေးကဏ္ဍ

ထို့အပြင် လယ်ယာကဏ္ဍပြီးလျှင် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုအပိုင်း၌ စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးပမာဏအများဆုံးနေရာယူထားသည့် စီးပွားရေးကဏ္ဍဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံစုစုပေါင်း တစ်သိန်းကျော်ရှိပြီး အကြမ်းဖျင်းအားဖြင့် လုပ်သားအင်အား နှစ်သန်းကျော် ပါဝင်အလုပ်လုပ်လျက်ရှိကြောင်း။

ယင်းပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ၌လည်း အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေရာယူလျက်ရှိကြောင်း။

ထို့ကြောင့် ပုဂ္ဂလိက အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုလျှင် စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာမှာ သေချာလျက်ရှိကြောင်း၊ ယင်းသို့ တိုးတက်မှလည်း အမျိုးသားစီးပွားရေးတန်ဖိုး(ဂျီဒီပီ)တွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစားသည် လက်ရှိ ၁၃ ရာခိုင်နှုန်းခန့်ရှိသည့် အဆင့်မှ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာရမည်ဖြစ်ကြောင်း၊ **သို့မှလည်း နိုင်ငံတော်ကို စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံအဆင့်မှ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံအဆင့်၊ ထိုမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဆင့်ကို ပြည့်ပြည့်ဝဝ မြန်မြန်ဆန်ဆန် ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း။**

လက်ရှိအခြေအနေ၌ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်နေသော်လည်း လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးပမာဏနှင့် ယှဉ်လိုက်လျှင် သေးငယ်နေဆဲပင်ဖြစ်ကြောင်း၊ ကိန်းဂဏန်းအပြောင်းအလဲများ ရှိနိုင်သော်လည်း လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးပမာဏသည် ကျပ်ဘီလီယံ ၁၅၀၀ ကျော်ရှိသည့်အချိန်တွင်စက်မှုလက်မှုကဏ္ဍ၏တန်ဖိုးမှာ ကျပ်ဘီလီယံ ၃၅၀ ကျော်ခန့်ပင်ရှိနေကြောင်း။

ပြောင်းလဲတိုးတက်လာ

နိုင်ငံတော်၏စက်မှုကဏ္ဍမှာ ၁၉၉၅ခုနှစ်ကာလအထိ စမ်းတဝါးဝါးဖြင့် တိုးတက်ဖြစ်ပေါ်ခဲ့ရပြီး ၁၉၉၅ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲက စက်မှုလက်မှုဖွံ့ဖြိုးရေးဆိုင်ရာ လမ်းညွှန်ချက်မှု(၅)ရပ်ချမှတ်ပေးကာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့သည့် အချိန်မှစပြီး မူဝါဒရှိရှိ၊ အစီအမံရှိရှိ စတင်ပြောင်းလဲ တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း။

ချမှတ်ထား

ယခုဆိုလျှင် ယင်းကဲ့သို့ပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်လာသည်မှာ ရှစ်နှစ်ကျော်၊ ကိုးနှစ်အတွင်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်မှုဇုန်(၁၉)ဇုန်အထိ စုစုစည်းစည်းတိုးတက်ဖြစ်ပေါ်လာသကဲ့သို့ နိုင်ငံတော်၏ စက်မှုကဏ္ဍသည်လည်း ထပ်ဆင့်မြှင့်တင်ပြောင်းလဲတိုးတက်ရန် အချိန်အခါရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ၂၀၀၄-၂၀၀၅ခုနှစ်မှစပြီး စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် စတင်တိုးတက်ရန် မိမိတို့ချမှတ်ထားခြင်းဖြစ်ကြောင်း။

ဤအချက်ကို ထပ်မံရှင်းလင်းတင်ပြလိုကြောင်း။

အခြေခံအဆောက်အအုံများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ခေတ်နောက်ကျနေသည့် တိုင်းပြည်ကို စနစ်သစ်ဖြင့်ပြန်လည်ထူထောင်ရာ၌ မပြည့်မစုံဖြစ်နေသေးသည့် အခြေခံအဆောက်အအုံများကို အမြန်ဆုံး ပြည့်စုံလာအောင် အလေးထားတည်ဆောက်ခဲ့ရကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်အောင် နည်းလမ်းပြအားပေးခြင်း၊ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများစသည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရာနှင့်ချီပြီး တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းများ တိုးချဲ့ခြင်း၊ လိုအပ်သော မြစ်ကူးချောင်းကူးတံတားကြီးများ တည်ဆောက်ခြင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် လိုအပ်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ရေးနှင့် ကျန်းမာသန်စွမ်းသည့် လူ့အရင်းအမြစ်များ ဖြစ်ပေါ်လာရေးအတွက် ဒေသအလိုက်တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများကို တိုးချဲ့တည်ထောင်ခြင်း၊ အခြေအနေပေးသော ဒေသများ၌ ပုဂ္ဂလိကစက်မှုကဏ္ဍ တိုးတက်လာရေးအတွက် စက်မှုဇုန်များ ဖွဲ့စည်းနေရာချထားခြင်း စသည့်တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်နေသော အခြေခံများကို မနားမနေ တွန်းအားပေး တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ရာနှုန်းပြည့်မဟုတ်သည့်တိုင် ဖွံ့ဖြိုးတိုးတက်မှုကို ထိထိရောက်ရောက် ပံ့ဖော်နိုင်သည့် အခြေခံအဆောက်အအုံများ ဖွဲ့စည်းတည်ရှိနေပြီဟု ဆိုနိုင်ပြီဖြစ်ကြောင်း။

တစ်ဖက်မှလည်း Telecommunication များ တိုးချဲ့သကဲ့သို့ Satellite Data Broadcasting စနစ်နှင့် Electronic Learning Centre များ ထူထောင်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံကြီးများ၊ လုပ်ငန်းဌာနကြီးများ၌ Computer Network များထူထောင်နိုင်အောင် အရှိန်အဟုန်ဖြင့် ကြိုးစားရန်းကန်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်ပြောင်းလဲသည့် အရှိန်အဟုန်ဖြင့် နည်းပညာတိုးတက်မှုအသစ်များကို ရင်ဆိုင်နေရသော ကမ္ဘာကြီးဖြစ်ကြောင်း၊ Instant Communication & Instant Information Technology သည် ကမ္ဘာ့နိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနယ်ပယ်၊ ဝန်ဆောင်မှုနယ်ပယ်နှင့် လူမှုဆက်ဆံရေးနယ်ပယ်တို့ကို စွဲကိုင်လွှမ်းမိုးလျက်ရှိကြောင်း။

အိုင်တီနည်းပညာ

လွန်ခဲ့သည့်နှစ်ပေါင်း၃၀၀ခန့်က ကမ္ဘာကိုပြောင်းလဲမှုဖြစ်စေခဲ့သော စက်မှုတော်လှန်ရေးသည် ယနေ့အံ့မခန်းဖြစ်ပေါ်လာသည့် နည်းပညာတိုးတက်ပြောင်းလဲမှုများကြောင့် နည်းပညာအသစ်များဖြင့် လွှမ်းခြုံနေသော သတင်းနှင့်ဆက်သွယ်ရေးခေတ် (Information and Communication Age)ကို ကူးပြောင်းရောက်ရှိနေပြီဖြစ်ကြောင်း၊ Globalization Period, Information Age, Knowledge Based Economy စသည့် ဝေါဟာရအသစ်များကို တွင်တွင်ကျယ်ကျယ် အသုံးများလာ သောအချိန်အခါဖြစ်ကြောင်း၊ သေးငယ်သည့်စီးပွားရေးအဖွဲ့အစည်းမှအစ ကမ္ဘာကိုလွှမ်းခြုံသည့် စီးပွားရေးအဖွဲ့အစည်းများအဆုံး၊အံ့မခန်းပြောင်းလဲတိုးတက်လာသည့် Information Technology ကိုကျယ်ကျယ်ပြန့်ပြန့် သုံးနေကြပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် အခြေအနေမျိုးတွင် မိမိတို့၏ စက်မှုကဏ္ဍသည် မြန်မြန်ခုန်ပျံကျော်လွှားတိုးတက်ရန် လိုနေပြီဖြစ်ကြောင်း၊ သူများက တစ်လှမ်းလှမ်းလျှင် မိမိက လေးလှမ်း၊ ငါးလှမ်း လှမ်းနိုင်ရန်လိုနေပြီဖြစ်ကြောင်း၊ **စက်မှုလက်မှုကဏ္ဍမှာ နှစ်စဉ်ရာခိုင်နှုန်း၁၀ကျော်၊ ၂၀တိုးတက်နေသည်ဆိုသည့် အဆင့်ဖြင့် ကျေနပ်နေ၍ မဖြစ်နိုင်တော့ဘဲ ရှေ့ကို အရှိန်အဟုန်ဖြင့် တက်လှမ်းရမည့်အချိန် ဖြစ်ကြောင်း။**

နိုင်ငံတော်၏ မျှော်မှန်းချက်က ယခုကာလတိုငါးနှစ်စီမံကိန်းမှစတင်ပြီး စက်မှုကဏ္ဍကြီး၏ ကုန်ထုတ်နိုင်စွမ်းပမာဏကို အရှိန်အဟုန်မြင့်မြင့် တိုးတက်သွားစေရန်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများနှင့်ယှဉ်ပြိုင်ပြီး တစ်မျိုးသားလုံး၏စီးပွားရေး၌ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို သိသာစွာ မြှင့်တင်သွားနိုင်ရန်ပင်ဖြစ်ကြောင်း။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦး အောင်သောင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄) တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လျှပ်စစ်စွမ်းအား

ယင်းကဲ့သို့ တက်လှမ်းနိုင်ရန်အတွက် နိုင်ငံတော်၌ လိုအပ်နေသည့် အခြေခံ များကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ အချို့သော ရေအားလျှပ်စစ်စီမံကိန်းကြီးများသည် ၂၀၀၄ခုနှစ်အတွင်းတွင် ပြီးစီးမှာဖြစ်သကဲ့သို့ ၂၀၀၅-၂၀၀၆နှင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်းတွင် ပြီးစီးမည့်စီမံကိန်းကြီးများလည်း ရှိကြောင်း၊ဆိုလိုသည်မှာ **စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်လျှပ်စစ်စွမ်းအားသည်လည်း တစ်ပြိုင်တည်း ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။**

ဤသည်မှာလည်း လက်ရှိကာလတိုငါးနှစ်စီမံကိန်း၏ ရည်မှန်းချက် တစ်ရပ်ဖြစ်သည့် "စက်မှုလုပ်ငန်း တိုးချဲ့ရေးနှင့် လိုက်လျောညီထွေရှိစေရန် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ စွမ်းအင်ကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"ဆိုသည့် ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်အပိုင်းက အလေးထားတည်ဆောက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ကမ္ဘာ့ပြောင်းလဲမှုအခြေအနေအရရော၊ နိုင်ငံတော်၏ ကြိုးစားပမ်းစား တည်ဆောက်ပြီးသည့် အခြေခံများအရပါ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို မဖြစ်မနေ ဆောင်ရွက်ကြမှာဖြစ်သည့်အတွက် "စက်မှုထွန်းကား၊ ခေတ်ကျော်လွှား"ဆိုသည့်ရည်မှန်းချက်ကို အမြင်ရှိရှိဖြင့် ထိထိမိမိ အကောင်အထည်ဖော်နိုင်ရန် ယနေ့အစည်းအဝေး၌ လက်တွေ့ကျကျ ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ကြောင်း။

ယနေ့ပုဂ္ဂလိကစက်မှုဇုန်များ၏ ဧရိယာအတွင်း၌ စက်မှုလက်မှုလုပ်ငန်းပေါင်း ၆၈၃၀ရှိပြီး စက်မှုဇုန်ပြင်ပ၌ လုပ်ငန်း၃၇၅၀၀ခန့်ရှိကြောင်း၊ယင်းတို့မှာမှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများဖြစ်ပြီး မှတ်ပုံတင်ခြင်း မပြုသေးသည့် စက်မှုလုပ်ငန်းပေါင်းက ၅၇၀၀၀ကျော် ရှိနေသည့်အတွက် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းပေါင်းမှာ တစ်သိန်းတစ်ထောင်ကျော် ရှိနေပြီဖြစ်ကြောင်း၊ လုပ်ကိုင်သောလုပ်ငန်း အမျိုးအစားအလိုက် စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေး၊ စက်မှုသုံးစက်ကိရိယာထုတ်လုပ်ရေး စသည်ဖြင့် ခွဲခြားလိုက်မည်ဆိုလျှင် အကြမ်းဖျင်းအားဖြင့် ၁၃မျိုးခန့်ရှိပြီး အများစုမှာ စားသောက်ရေး လုပ်ငန်းအုပ်စုဖြစ်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊စက်မှု သုံးစက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ရေးလုပ်ငန်းတို့မှာ အားနည်း နေဆဲဖြစ်ကြောင်း အရေအတွက်အရ ပေါ်လွင်ထင်ရှား လျက်ရှိကြောင်း။

အားပေးပျိုးထောင်

စက်မှုလက်မှုကဏ္ဍသည် တိုင်းပြည်၏စီးပွားရေးဘဝ ဖွဲ့စည်းဖြစ်ပေါ်မှုကို ခေတ်မီအောင်၊ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် စွမ်းဆောင်ပေးရမည့် အဓိကမောင်းနှင်အားရှိသည့် စီးပွားရေးကဏ္ဍကြီးအဖြစ် ခံယူနိုင်ကြရမှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အားယူနေသော စက်မှုလုပ်ငန်းအစုအဖွဲ့များကို အမြန်ဆုံးအားပေးပျိုးထောင်ရမှာဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် အတတ်ပညာမြင့်မားသည့်၊ နည်းပညာမြင့်မားသည့်၊ အရည်အသွေးကောင်းသည့် ပစ္စည်းများကို ယှဉ်ပြိုင်ထုတ်လုပ်နေချိန်တွင် **မိမိတို့၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်နှင့် ယှဉ်ပြီး၊ ထက်မြက်သည့် တွေးခေါ်မှုများဖြင့် စက်မှုကဏ္ဍ၏ ဖွဲ့စည်းမှုလမ်းကြောင်းကို ပုံဖော်သွားရမှာဖြစ်သည်ဟု ခံယူမိကြောင်း၊ စက်မှုကဏ္ဍကို အကြီးမားဆုံးနှုန်းနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏ အနာဂတ် ခေတ်မီရှင်သန်မှာ ဖြစ်ကြောင်း။**

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် ဖြစ်မည်ဆိုသည့် အချက်နှင့် ဆက်နွှယ်ပြီး နိုင်ငံတော်၏ အနာဂတ်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ကြီးမားလှသည့်အခန်းကဏ္ဍကို အမှန်တကယ်ဆက်စပ် ခံယူနိုင်ရန် လိုလာပြီဖြစ်ကြောင်း၊ **ပုဂ္ဂလိကတစ်ဦးချင်းအရရော၊ အဖွဲ့အစည်းအရရော၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍအပိုင်းကရော၊ နိုင်ငံတော်အပိုင်းကပါ မြန်မာ့စက်မှုလက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်နိုင်အောင် အတတ်ပညာအား၊ တီထွင်ကြံဆမှုအား၊ ဖွဲ့၊ လုံ့လ၊ ဝီရိယအား၊ ပူးပေါင်းဆောင်ရွက်မှုအားတို့ဖြင့် ဖိဖိစီးစီး အလေးထားလုပ်ကိုင်ရန် အချိန်ရောက်နေပြီ ဖြစ်ကြောင်း။ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကို စက်မှုကဏ္ဍဖြင့် တည်ဆောက်သွားရမှာဖြစ်၍ အင်မတန်ကြီးလေး သောတာဝန်ဖြစ်သည်ဟု ခံယူရမှာဖြစ်ကြောင်း။**

ဤသည်မှာ အခြေခံကျသည့် ခံယူချက်အပိုင်းဖြစ်ကြောင်း၊ လုပ်ငန်းအပိုင်းကိုဆက်ပြီး တင်ပြသွားမှာဖြစ်ကြောင်း။

အလှည့်အပြောင်း

စက်မှုကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် အေးသာယာ စက်မှုဇုန်များ၌ ရှေးဦးစွာ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် Foundry Plant, Press Shop, Forging Shop, Heat Treatment Shop နှင့် Machine Shop များ ထူထောင်သွားရန် အားလုံးစီမံပြီးဖြစ်ကြောင်း၊ **ဤအချက်မှာ စက်မှုဇုန်များအတွက် ကြီးမားသည့် တိုးတက်မှု အလှည့်အပြောင်းဖြစ်ကြောင်း။**

ယင်းအလုပ်ရုံများကို အခြေခံပြီးမည်သည့်ပစ္စည်းများ ထုတ်လုပ်မည်ကို လက်တွေ့ကျကျ စဉ်းစားအဖြေရှာရမှာ ဖြစ်ကြောင်း၊ လာအပ်သောအပ်ထည်လောက်ဖြင့်ပင် ခေတ်မီအလုပ်ရုံများကို အသုံးချသွားမည်ဆိုပါက ရေရှည်မျှော်မှန်းချက်မဟုတ်ဘဲ ရေတို ငါးပွက်ရာ ငါးစာချသည့် လုပ်နည်းကိုင်နည်းပင်ဖြစ်ကြောင်း။

စက်မှုကဏ္ဍ၌ ပုဂ္ဂလိကအပိုင်းက အတတ်ပညာအရရော၊ အရင်းအနှီးအရပါ မတတ်နိုင်သေးသည့် အကြီးစား စက်ရုံ၊ အလုပ်ရုံများကိုမူ နိုင်ငံတော်အပိုင်းက ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၏ နည်းပညာ အတွေ့အကြုံများ၊ ကုန်ထုတ်လုပ်မှုနည်းစဉ်များကို အခြေခံပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်းပိုင်းကို တိုးတက်အောင် ကြိုးစားသွားရမှာဖြစ်သကဲ့သို့ ပြည်တွင်းဈေးကွက် ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး တိုင်းပြည်က အမှန်လိုအပ်နေ

သော စက်ကိရိယာ ပစ္စည်း[...]
လိုအပ်ကြောင်း။
ပုဂ္ဂလိက စက်မှုလက်မှု[...]
စက်ကိရိယာထုတ်လုပ်ရေး[...]
ယာ ထုတ်လုပ်ရေးလုပ်ငန်း[...]
ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း[...]
ဖြစ်ကြောင်း။

ရှင်းလင်း[...]

မြန်မာ့စက်မှုလက်မှု [...] ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)[...] ဗိုလ်ချုပ်စောလွင် မြန်မာ့စ[...] ရေးလုပ်ငန်းညှိနှိုင်းအစည်းအ[...] တွင် ရှင်းလင်းတင်ပြစဉ်။

လယ်ယာသုံးစက်ကိရိယာများကို [...]

အရည်အသွေးရှိရှိ ထုတ်လုပ်နိုင်မှု စ[...]

အနာဂတ်ခို[...]

နိုင်ငံတော်အကြီးအကဲ[...] အားပေးမှု၊ လမ်းညွှန်ပေးမှု[...] ကော်မတီအဆင့်ဆင့်နှင့် စ[...] အာဏာပိုင်အဖွဲ့အစည်းများ[...] ကြောင့် စက်မှုဇုန်များမှာ တို[...] ကိုးနှစ်ကာလအတွင်း၌ သိသ[...] မှာ မှန်သော်လည်း **စက်မှုဇု[...] ထက်ခိုင်မာအောင် ကြိုးပမ်း[...]**

ယင်းသို့ ကြိုးပမ်းရာတွင်[...] လုပ်မှုလမ်းကြောင်း မှန်ရန်[...] အနေဖြင့် (က)လယ်ယာသုံ[...] လုပ်ငန်း၊ (ခ)စက်မှုလုပ်ငန်း[...] ရေးလုပ်ငန်း၊ (ဂ)သယ်ယူပို့[...] လုပ်ငန်း၊ (ဃ)သွင်းကုန်အစ[...] အလေးထားပြီး ဖွံ့ဖြိုးတိုးတ[...] မှာဖြစ်ကြောင်း၊ ယင်းလုပ်[...] စက်ကိရိယာများ အသုံးပြုပြီး[...] ပစ္စည်းများထုတ်လုပ်နိုင်အော[...] သို့မှလည်း နိုင်ငံတော်အ[...] လမ်းညွှန်မှုများနှင့်အညီ စက်[...] အထည်ဖော်နိုင်မှာဖြစ်ကြော[...]

စက်မှုလယ[...]

အထူးသဖြင့် **လယ်ယာ[...] လက်တွန်းထွန်စက်၊ ရိတ်[...] အခြောက်ခံစက်၊ မျိုးစေ့ချ[...] စက်၊ ထွန်သွား၊ ထယ်သွာ[...] စက်ငယ်များကို များမျ[...] အရည်အသွေးရှိရှိ ထုတ်လုပ်[...] သည့်လယ်ယာကဏ္ဍ၏ ရေ[...] စက်ကိရိယာများ လုံလော[...] လယ်ယာစနစ်မှာ အခြေ[...] ဖြစ်ကြောင်း။**

ဈေးကွက်၏တောင်းဆို[...] လေ့လာပြီး လိုအပ်သော လယ[...]

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သော စက်ကိရိယာ ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း။

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းအပိုင်း၌ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ စက်မှုသုံး စက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများမှာ အားနည်းနေဆဲဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄) တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မျိုးစုံကို အရည်အသွေးရှိရှိ၊ အရေအတွက်များများ ထုတ်လုပ်သွားနိုင်သည့်လမ်းကြောင်းကို စက်မှုဇုန်များက လိုက်ကြရမှာဖြစ်ကြောင်း။

ထို့အတူ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်ရေး လုပ်ငန်းအပိုင်း၌ ယနေ့နိုင်ငံတော်က မော်တော်ယာဉ် ထုတ်လုပ်မှုနည်းပညာပြန့်ပွားရေး၊ အလုပ်အကိုင် ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက်ရည်ရွယ်ပြီး မော်တော်ကားထုတ်လုပ်ရေးကို အားပေးလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း မော်တော်ယာဉ်ငယ်၊ ဘတ်စ်ကားနှင့် ကုန်တင်ကားများသည် နိုင်ငံတော်၌ များစွာလိုအပ်နေခြင်းဖြစ်သည့်အတွက် ခိုင်မာသောဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ အားပေးနေမှုကို ဖြတ်လမ်းနည်းသုံးပြီး ဆူလွယ်နပ်လွယ်လုပ်ကြမည်ဆိုပါက မိမိတို့စက်မှုဇုန်၏ သိက္ခာကျဆင်းရုံသာမကမိမိတို့စက်မှုလုပ်ငန်းရှင်များ ထမ်းဆောင်ရမည့် မွန်မြတ်ကြီးလေးသည့်တာဝန်ကို ပစ်ပယ်ရာလည်း ရောက်သွားမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သော စက်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ထူထောင်ပြီး အရည်အသွေးကောင်းသည့် စက်ပစ္စည်းများကို ထုတ်လုပ်သွားနိုင်အောင်တင်ပြညှိနှိုင်းဆွေးနွေးသွားရန် လိုမည်ဖြစ်ကြောင်း။

သို့မှလည်း **"စက်မှုနိုင်ငံ ထူထောင်ရေးအတွက် ပထမအဆင့်အနေဖြင့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရေးနှင့် လိုအပ်မည့် အခြားစက်မှုလုပ်ငန်းများပါ တစ်ပါတည်းထူထောင်ရေး"ဆိုသည့် ရည်မှန်းချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။**

လမ်းကြောင်းမှန်

မိမိ၏တင်ပြချက်များကို ပြန်လည်ခြုံငုံလိုက်ပါက **စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ခံယူချက်အပိုင်းနှင့် လုပ်ငန်းအပိုင်းဆိုပြီး နှစ်ပိုင်းပါရှိကြောင်း၊ သဘောထားခံယူချက် မှန်ကန်ညီညွတ်မှုလည်း လုပ်ငန်းတိုးတက်မှာဖြစ်သကဲ့သို့ လုပ်ငန်းအပိုင်းတွင်လည်း**

...ရိယာများကို များများစားစား မြန်မြန်ဆန်ဆန် ...တ်လုပ်နိုင်မှ စက်မှုလယ်ယာစနစ် ဖြစ်ပေါ်လာမည်

အနာဂတ်ခိုင်မာအောင်

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စဉ်ဆက်မပြတ် အားပေးမှု၊ လမ်းညွှန်ပေးမှုနှင့်အတူ စက်မှုဖွံ့ဖြိုးရေးကော်မတီအဆင့်ဆင့်နှင့် စက်မှုဇုန်တာဝန်ခံများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကွပ်ကဲပံ့ပိုးမှုများကြောင့် စက်မှုဇုန်များမှာ တိုတောင်းသော ရှစ်နှစ်ကျော်၊ ကိုးနှစ်ကာလအတွင်း၌ သိသိသာသာ တိုးတက်လာသည်မှာ မှန်သော်လည်း **စက်မှုဇုန်များ၏ အနာဂတ်ကို ယခုထက်ခိုင်မာအောင် ကြိုးပမ်းရမှာဖြစ်ကြောင်း။**

ယင်းသို့ ကြိုးပမ်းရာတွင် စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုလမ်းကြောင်း မှန်ရန်အတွက် ဦးစားပေးအဆင့်အနေဖြင့် (က)လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ (ခ)စက်မှုလုပ်ငန်းသုံး စက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၊ (ဂ)သယ်ယူပို့ဆောင်ရေးယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ (ဃ)သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းတို့ကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်လာအောင် အာရုံစိုက်ကြရမှာဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများတွင် အဆင့်မြင့်စက်ကိရိယာများ အသုံးပြုပြီး အရည်အသွေးမြင့်မားသည့် ပစ္စည်းများထုတ်လုပ်နိုင်အောင် ကြိုးစားရမှာဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်အကြီးအကဲ၏ စက်မှုဆိုင်ရာ လမ်းညွှန်မှုများနှင့်အညီ စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

စက်မှုလယ်ယာစနစ်

အထူးသဖြင့် **လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ မျိုးစေ့ချကိရိယာ၊ ရေစုပ်စက်၊ ရေတင်စက်၊ ထွန်သွား၊ ထယ်သွား၊ ရေအားလျှပ်စစ်တာဘိုင် စက်ငယ်များကို များများစားစား မြန်မြန်ဆန်ဆန် အရည်အသွေးရှိရှိ ထုတ်လုပ်သွားမည်ဆိုလျှင် ကျယ်ပြန့်သည့်လယ်ယာကဏ္ဍ၏ ဈေးကွက်ထဲသို့ လယ်ယာသုံး စက်ကိရိယာများ လုံလောက်စွာရောက်ရှိပြီး စက်မှုလယ်ယာစနစ်မှာ အခြေခိုင်မာစွာ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။**

ဈေးကွက်၏တောင်းဆိုမှုကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီး လိုအပ်သော လယ်ယာသုံးစက်ကိရိယာပစ္စည်း

တိုင်းပြည်၌ အမှန်လိုအပ်သည့် စက်မှုလုပ်ငန်းများထိထိမိမိ တိုးချဲ့ထူထောင်နိုင်ရန်၊ လမ်းကြောင်းမှန်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်အတွက် မရှိမဖြစ်သည့် စက်မှုလုပ်ငန်းများကိုထူထောင်ရာတွင် ပုဂ္ဂလိကအသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ၏ ပူးပေါင်းမှုအားကို ရယူရန်လိုမှာဖြစ်သကဲ့သို့ ပုဂ္ဂလိကအပိုင်းနှင့် နိုင်ငံတော်အပိုင်းအကြား အချိတ်အဆက်မိရန်လည်းလိုကြောင်း၊ သို့မှလည်း နည်းပညာလွှဲပြောင်းရယူရေး၊ Highly Skilled Labour နှင့် Semi Skilled Labour မွေးထုတ်ရေး၊ ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေး၊ ကုန်ထုတ်လုပ်မှုနည်းစနစ် (Mode of Production) ခေတ်မီရေး စသည့် လိုအပ်ချက်များမှာလည်း ပြေလည်သွားနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ယခု ရှင်းလင်းတင်ပြချက်များအပေါ်တွင် အခြေခံပြီး စက်မှုကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု အလှည့်အပြောင်းကို လက်တွေ့ကျကျ မည်သို့မည်ပုံ ပူးပေါင်းဖော်ဆောင်သွားကြမည်ဆိုသည့် အချက်ကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း၊ သို့မှလည်း ရှေ့ဆက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအစဉ်များကို ပီပီပြင်ပြင် ချမှတ်နိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြရာ၌ ခေတ်မီနိုင်ငံတော်ဖြစ်ရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်ကို စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ရမည့် တာဝန်ကို စက်မှုကဏ္ဍနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ စက်မှုကုန်ထုတ်သမဝါယမအသင်းများ၊ စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းရှင်များအပေါ်ကျရောက်လာပြီဖြစ်ရာ ကျရာတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အခါမလပ်စစ်ဆေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများသည် စက်မှုဇုန်များသို့ အခါမလပ်သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အားပေးမှုများ၊ ဖြည့်ဆည်းမှာကြားမှုများကို ပြုလျက်လည်းရှိကြကြောင်းဖြင့်ရှင်းလင်းပြောကြားပြီး လယ်ယာသုံး စက်ပစ္စည်းကိရိယာများထုတ်လုပ်သည့် လုပ်ငန်းများကို ထူထောင်၍ လုပ်အပ်သောပစ္စည်းများကို အရည်အသွေးရှိရှိ တိုးချဲ့ထုတ်လုပ်သွားရေး၊ စက်မှုထုတ်လုပ်မှုများ၏ အရေအတွက်နှင့် အရည်အသွေးတိုး တက်မြင့်မားရေးနှင့် စက်ပစ္စည်းကိရိယာအမယ်သစ်များတိုးတက်ထုတ်လုပ်ရေး၊ ပြည်ပသွင်းကုန်ပစ္စည်းအပေါ် မှီခိုအားထားနေမှုကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချသွားရေးတို့ကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ပံ့ပိုးဖြည့်ဆည်းမှု

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စက်မှုဇုန်များ၏ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ဝန်ကြီးဌာနအပိုင်းက ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုများ၊ စက်မှုဇုန်တို့၌ Foundry Plant၊ Press Shop၊ Forging Shop၊

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

Heat Treatment Shop တို့ တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်နေမှုများ၊ အဆိုပါ အလုပ်ရုံများအတွက် ကျွမ်းကျင်သည့် လုပ်သားများရရှိရန် ကျွမ်းကျင်လုပ်သားများအတွက် နည်းပညာပိုင်းဆိုင်ရာ ကြိုတင်လေ့ကျင့်သင်ကြားပေးနေမှုများ၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး၊ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များ ထုတ်လုပ်သွားနိုင်ရေးအတွက် အင်ဂျင်နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူတင်သွင်းရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်မှု ဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးတင့်၊ နည်းပညာ လွှဲပြောင်းပေးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ချမ်းငြိမ်း၊ စံချိန်စံညွှန်းသတ်မှတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်၊ ဒေသဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ စက်မှုဥပဒေဆိုင်ရာ ရေးဆွဲရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ စက်မှုလုပ်ငန်းတိုးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အိမ်တွင်းစက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့က စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊စက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များတွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သာကေတနှင့်တောင်ဥက္ကလာပ စက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ရန်ကုန်အနောက်ပိုင်းခရိုင် စက်မှုဇုန်နှင့် မင်္ဂလာဒုံစက်မှုဇုန် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ တောင်ကြီး အေးသာယာ စက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ မြိတ်စက်မှုဇုန်တာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ပခုက္ကူစက်မှုဇုန် တာဝန်ခံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်တို့က စက်မှုဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားဆိုင်ရာကိစ္စရပ်များကို လျှပ်စစ် စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်၊ မိတ္ထီလာစက်မှုဇုန်၊ တောင်ကြီး/အေးသာယာစက်မှုဇုန်၊ မုံရွာ စက်မှုဇုန်၊ တောင်ဒဂုံ စက်မှုဇုန်နှင့် ရွှေပြည်သာ စက်မှုဇုန်တို့မှ စက်မှုဇုန်ကြီးကြပ်ရေးတာဝန်ခံများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များက စက်မှုဇုန်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရခိုင်ရိုးရာ နှံ့သာသွေးပြိုင်ပွဲ သံတွဲ၌ စည်ကားစွာကျင်းပ

ရန်ကုန် မေ ၂၀

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၁၃၆၅ ခုနှစ် မဟာသင်္ကြန် ပွဲတော်အထိမ်းအမှတ် ပထမအကြိမ် သံတွဲခရိုင် ရခိုင်ရိုးရာ နှံ့သာသွေးပြိုင်ပွဲကို ဧပြီ၂ရက် မွန်းလွဲ၂နာရီတွင် သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က နှံ့သာသွေးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် သံတွဲမြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာများနှင့် ဈေးတို့မှ ပြိုင်ပွဲဝင်အသင်း၂၁သင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဧပြီ၃ရက် နံနက်ပိုင်းတွင် ပြိုင်ပွဲဝင်အသင်းများကသွေးထားသည့် နံ့သာရည်များဖြင့် သံတွဲမြို့ပေါ်ရှိ သမိုင်းဝင်ရွှေနံ့တော်စေတီ၊ရွှေဆံတော်စေတီ၊ ရွှေအံတော်စေတီနှင့် သာသနာ့ဗိမာန်ရှိ ဆင်းတုတော်များကို လှည့်လည်သွန်းလောင်း သပ္ပာယ်ပူဇော်ကြသည်။

ဧပြီ၃ရက် ညနေပိုင်းတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်တို့က ဖွင့်လှစ်ပေးရာ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်အသင်းများက မဟာသင်္ကြန်တေးသံသာများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး မြို့ခံပြည်သူများသာမက ငပလီကမ်းခြေသို့ လာရောက်အပန်းဖြေကြသောအနယ်နယ်အရပ်ရပ်မှ ပြည်သူများပါ အေးချမ်းပျော်ရွှင်စွာရေကစားကြပြီး မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ (သတင်းစဉ်)

မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၀၄

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ တေးသရုပ်ဖော်အစီအစဉ်

၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၁၀ ၇။ အတီးပြိုင်ပွဲ

၈:၂၀ ၈။ ပသောင်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Happy And Educational English Summer Course (MRTV)

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice In Reading..

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)

၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး

၅:၂၅ ၇။ သီချင်းကြီးပဒေသာ

၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၅၅ ၉။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)

၆:၀၀ ၁၀။ ဘော်ဘင်ရေလှောင်တမံ

၆:၁၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆:၂၀ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၇:၂၀ ၁၆။ တေးဂီတအစီအစဉ်

၇:၃၅ ၁၇။ အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (အပိုင်း-၁)

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၅)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ပုဇွန်တောင်မြို့နယ် မလွန်ဈေး ဆန်လှူအသင်းထောက်မှ တရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်ကြီးတွင် ပုဇွန်တောင်မြို့နယ် မလွန်ဈေးဆန်လှူအသင်းထောက်မှ ဆန်အလှူခံ အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၄ရက် ည ၇နာရီတွင် ဆရာတော်ဘဒ္ဒန္တပညာဇေ သာယာကုန်းပြာသာဒ်ဆရာတော် ပုဇွန်တောင်မြို့နယ်နှင့် ဧပြီ ၂၅ရက် ည ၇နာရီတွင် သီတဂူချောင်ဆရာတော်ဦးပညာနန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

သင်္ကြန်အတွေး

ချစ်နိုင်(စိတ်ပညာ)

"ကိုအောင်ရေ"

"ဗျာ-ကိုဝိုင်း"

"သင်္ကြန်ရေသဘင်ပွဲကြီးတော့ ပြီးသွားပြီဗျို့၊ ကျွန်တော့်တစ်သက် နှစ်ပေါင်းငါးဆယ်အတွင်း ဒီလောက်ပျော်ရွှင်စည်ကားတဲ့နှစ်မျိုး ကြုံဖူးပေါင်ဗျာ"

"မှန်တယ်ဗျ၊ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်မကျန် တစ်နိုင်ငံလုံး ပျော်ရွှင်ကြတဲ့ ပွဲပါပဲခင်ဗျာ၊ လူကြီးတွေကလဲ တရားဘာဝနာစီးဖြန်း၊ ရိပ်သာဝင်ကြ၊ အချို့လည်း ခရီးရက်ရှည်ထွက်ကြ၊ မြို့ကြီးတွေမှာတော့ ရေပက်မဏ္ဍပ်တွေ၊ ရေပက်ခံကားတွေ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူတွေ ဒီနှစ်ဟာ စံချိန်ချိုးအောင် များပြားလှပေရဲ့နော်"

"ဒီနှစ်ရဲ့ ထူးခြားချက်တစ်ခု ကိုအောင် သတိထားမိရဲ့လား"

"ဘာလဲဗျ"

"စည်းကမ်းရှိကြတယ်၊ လူတွေဟာ အစွမ်းကုန်မြူးပျော်နေကြပေမယ့် ဗရုတ်ဗရက်လုပ်သူ သိပ်နည်းသွားပြီ၊ စည်းနဲ့၊စနစ်နဲ့၊ ချစ်ချစ်ခင်ခင်နဲ့ ယဉ်ယဉ်ကျေးကျေးနဲ့ဆိုတော့ ဒီနှစ်အမှုအခင်းသိပ်နည်းမှာပဲ"

"ဟုတ်တယ်ဗျို့၊ အဲဒါတော့ မျက်မြင်ဗျ"

"ဆေးရုံတွေ၊ အရေးပေါ်ဌာနတွေမှာ တက်ရောက်ရသူတွေ ဒီနှစ်တော့ အရင်နှစ်တွေထက် အထူးပဲ နည်းပါးကြောင်း သိရသဗျာ"

"ကောင်းတဲ့လက္ခဏာပေါ့သူငယ်ချင်းရာ"

"ကိုအောင်တွေ့ရတဲ့ အခြေအနေတွေလဲ ပြောပြပါဦး"

"ရန်ကုန်မြို့တော်မှာ အရင်နှစ်တွေကထက် အခုနှစ်မှာ သောက်စားပျော်ပါးမှု သိသိသာသာ နည်းပါးတယ်ဗျ"

"ဟုတ်သဗျို့၊ ရှိတော့ရှိတယ်၊ ယခင်နှစ်တွေထက် တော်တော်နည်းသွားတယ်ဗျ"

"အမူးအရူးနည်းတော့ ကားတိုက်မှု၊ လူထိခိုက်မှု၊ လူသေမှုလည်း နည်းပါးစေတော့တာပေါ့ဗျာ"

"နောက်ပြီးတော့- - -"

"လုံခြုံရေးတာဝန်ကျသူတွေရဲ့ ဖြေရှင်းပေးခြင်း၊ ကူညီပေးခြင်း၊ သူတို့ရှိနေကြတဲ့ အတွက် စည်းကမ်းစနစ်ကျနခြင်း၊ ပေါက်တောက်မြောက်တောက်နဲ့ ပြဿနာရှာချင်တဲ့ လူအချို့ဟာ သူ့ဟာသူထိန်းသွားပြီး အများစုကို မထိခိုက်ရဲတော့ခြင်းစတဲ့ အကျိုးတွေကြောင့် သင်္ကြန်ရက်အားလုံးမှာ ပြည်သူတွေ စုစုရုံးရုံး ပျော်တပြုံးပြုံးနဲ့ ပြောမပြတတ်အောင်ကို ပျော်ရွှင်ကြရတယ်ဗျို့"

"ပြီးတော့ကော"

"ရန်ကုန်မြို့တော်ကြီးမှာ ရေကြည်ရေသန့်များ အလျှံအပယ်ပေါများခြင်း အကျိုးကျေးဇူးဗျ"

"ရှင်းစမ်းပါဦးဗျာ"

"ဒီနှစ် ရေပေးဝေတာ စနစ်လဲကျ၊ ကောင်းလဲကောင်း၊ များလဲများဆိုတော့ သင်္ကြန်ရေကစားကြသူတွေ ရေပေါပေါပက်ကြရတာ အားပါးတရပါပဲ"

"အေးဗျာ၊ အမြော်အမြင်ကြီးစွာနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကပင် ရန်ကုန်မြို့တော်အတွက် ရေမပူပင်ရအောင် ရေလှောင်တမံကြီးတွေ ကြီးကြီးမားမား တည်ဆောက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးအထူး တင်သင့်ပေတာပေါ့နော်"

"မှန်တယ်၊ မှန်တယ်၊ ရန်ကုန်နဲ့မန္တလေးမြို့ကြီးများ အပါအဝင် အနယ်နယ် အရပ်ရပ်က ပြည်သူတွေဟာ ဒီနှစ်သင်္ကြန်အခါမှာ လွတ်လွတ်လပ်လပ် ကြည်ကြည်နူးနူး ပျော်မြူးတက်ကြွနေကြတယ် သူငယ်ချင်းရေ"

"ဒီမယ်-ကိုအောင်၊ အခုလို ပြည်သူလူထုတစ်ရပ်လုံး နားရွက်ပြားအောင် အိပ်လို့ရပြီ၊ တံခါးဖွင့်ပြီး နေလို့ရပြီဆိုတာ လုံခြုံလို့ဗျ၊ တရားဥပဒေစိုးမိုးမှု အင်အားက သိသိသာသာ ကောင်းလာလို့ခင်ဗျ"

"မှန်ပါတယ်လေ၊ ဒါဟာ အခြေခံအချက်ပါပဲ"

"အခုလိုဖြစ်ပေါ်လာအောင် အဆင်းရဲ အပင်ပန်းခံပြီး နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို တည်ဆောက်ကြိုးပမ်းကြသူများရဲ့ ကျေးဇူးကိုလဲ အသိအမှတ် မပြုထိုက်ပေဘူးလား"

"ပြုထိုက်ပေသပေါ့ ကိုဝိုင်းရဲ့"

"အခုနှစ်ဟာ မကြုံစဖူး ထူးထူးကဲကဲ ရုံးပိတ်ရက်ကိုးရက်ဆက်တိုက်ဖြစ်တဲ့နှစ်ဗျာ၊ စည်းကမ်းတကျမှ ရှိပ့ါမလားလို့ ကျွန်တော်ဖြင့် တွေးပူခဲ့မိသေးတယ်"

"ဘာဖြစ်လို့လဲ"

"ဟိုအရင် တချို့နှစ်တွေမှာဆိုရင် အရက်သေစာ သောက်စားမူးယစ်တာ သိပ်များတာပဲ၊ သင်္ကြန်ဟာ ဘီယာသင်္ကြန်၊ အရက်သင်္ကြန်လိုတောင်ဖြစ်သွားတယ်၊ စိတ်ပျက်စရာပဲ"

"ခုနှစ်တော့ တော်တော်ဟန်ကျသားပဲ"

"တာဝန်ရှိသူတွေရဲ့ စီမံမှု၊ တာဝန်သိပြည်သူများရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တွေကြောင့် ဒီနှစ်အရက်ဆိုင်၊ ဘီယာဆိုင်တွေ သိပ်နည်းသွားတယ်လေ၊ ကြပ်မတ်လိုက်တာ သိပ်ထိရောက်သွားခဲ့တယ်၊ ပြည်သူအများ အနှောင့်အယှက်ကင်းစွာ၊ လွတ်လပ်စွာ ပျော်မြူးကြရတာပေါ့"

"နောက် မြင်တာရှိရင် ပြောပါဦး"

"မြင်ရသူ မကြည့်ရဲလောက်အောင် အရင်နှစ်တွေမှာ တချို့တလေ ကဲခဲ့ကြတဲ့ ဝတ်စားဆင်ယင်မှုမျိုး ဒီနှစ်တော်တော်နည်းသွားတယ်ဗျာ"

"ရှိတော့ ရှိသေးလား"

"အရင်နှစ်တွေကထက် သရုပ်ပျက်ဝတ်ဆင်မှုတွေ သိသိသာသာ နည်းသွားပါပြီ၊ သို့သော် မိန်းကလေးတွေ ဘောင်းဘီဝတ်ကြတာတော့ သိသိသာသာ များပြားလာတာကို သတိထားမိတယ်"

"ဒါတော့ နေရာအလျောက်ပေါ့ဗျာ"

"ရေကစားရင်း ဝတ်လာတာကို ဘာမှမပြောဆိုလိုပါဘူး၊ ဘုရားရင်ပြင်တော်ပေါ်လို နေရာလာမယ်ဆိုရင်--"

"ဟာ-ဒါတော့ဆီလျော်ကိုက်ညီမယ့် အဝတ်အဆင်နဲ့မှ ယဉ်ကျေးသိမ်မွေ့ရာ ရောက်မှာပေါ့ဗျာ"

"ကဲဗျာ- နိဂုံးချုပ်ကြစို့ရဲ့၊ သင်္ကြန်မှာ သူငယ်ချင်း ဘာအမြတ်ရလိုက်သလဲ"

"အသက်တစ်နှစ်ကြီးလာပြီဆိုတာ သတိပြုမိလာတယ်"

"အဲဒီတော့- - -"

"နှစ်သစ်မှာ စိတ်သစ်လူသစ်၊ အားမာန်သစ်၊ ပြည်သူတွေ လိုလားတောင့်တတဲ့ အေးချမ်းသာယာပြီး ခေတ်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်နိုင်အောင် အထူးပဲ အားထုတ် ကြိုးစားကြစို့လား သူငယ်ချင်းရေ--"

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၀

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာ အဆင့်မီ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အကြံပေးပုဂ္ဂိုလ်နှင့် ပညာရှင်များ၊ ပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် ရှေးဦးစွာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအသီးသီးက လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်နေမှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အခမ်းအနား ပြင်ဆင်ရေး ဆပ်ကော်မတီ၊ စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အစည်းအဝေးများ ကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ နိုင်ငံတကာ အဆင့်မီ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၄ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရေဆိုးများသန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ပြန်လည်သုံးသပ်ညှိနှိုင်း

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးများ သန့်စင်ရေး စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအပေါ် ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကိုယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ရေဆိုးများ သန့်စင်ရေး စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ရေဆိုးများ သန့်စင်ရေး စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန၊ ရေနှင့် သန့်ရှင်းမှုနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရေဆိုးများ သန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာထွန်းသန်းထွန်းက စက်ရုံဖြစ်မြောက်ရေး အတွက် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လိုအပ်ပစ္စည်းများ စုဆောင်းရရှိမှုနှင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေဆိုးများသန့်စင် စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရေဆိုးများ သန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအလိုက် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် လိုအပ်သည်များကို ရှင်းလင်း တင်ပြကြရာ မြို့တော်ဝန်က တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး လိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန် ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics And Rates and Ratios (ပြည်သူ့ရေးရာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး"(အပိုင်း-၁၁)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်၊ အယောင်ဆောင် ချစ်သူ" (အပိုင်း-၄)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ဥယျာဉ်မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်မှု အထိုက်အလျောက် ရုပ်လုံးပေါ်လာ မြို့တော်နှင့်လျော်ညီသော စည်းကမ်းများ ပြည်သူများလိုက်နာရန် ပညာပေးစည်းရုံး

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ စစ်ဒေသမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးအား နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် အညီ စိမ်းလန်းသာယာ လှပသည့် ဥယျာဉ်မြို့တော်ကြီးအဖြစ် ရောက်ရှိစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အထိုက်အလျောက် ရုပ်လုံးပေါ်လာပြီ ဖြစ်ကြောင်း၊ မိုးရာသီ ကျခါနီးပြီဖြစ်၍ မိုးမကျမီ အပြီးဆောင်ရွက်ရမည့် လုပ်ငန်းများ အရှိန်အဟုန်မြှင့် ပြီးစီးအောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ လျှပ်စစ်နှင့် ပတ်သက်၍ ခတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်များရှင်းလင်းခြင်း၊ မလွတ်ကင်းသည်များဖယ်ရှားခြင်းတို့ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ ၁၁ခုမှ လုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသော ခြောက်လမ်းသွား ကတ္တရာခင်းခြင်း၊ လူသွားစင်္ကြံ ကျောက်ပြားခင်းခြင်းတို့ကို အမြန်ပြီးစီးအောင် လုပ်ဆောင်ရမှာဖြစ်ကြောင်း၊ မြို့တော်နှင့်လျော်ညီသော စည်းကမ်းများလည်း ထုတ်ပြန်ထားပြီး ဖြစ်၍ ပြည်သူများ စည်းကမ်းတကျ လိုက်နာရေး ပညာပေးစည်းရုံးခြင်း၊ အရေးယူခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်ကြောင်း၊ သို့မှသာ တိုးတက်လာမည့် မြို့တော်၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေနှင့် မြို့တော်သူ၊ မြို့တော်သားများ၏ စည်းကမ်းလိုက်နာမှုတို့ ဟန်ချက်ညီလာမှာဖြစ်ပြီး အဆင့်မီသော မြို့တော်ကြီးအဖြစ် အဆင့်ဆင့် ကူးပြောင်းရောက်ရှိလာမှာ ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းပြီး ဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မပြီးစီးသော လုပ်ငန်းများကို အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် အထူးသဖြင့် ၂၀၀၅ ခုနှစ် နှစ်ကုန်တွင် ပြီးစီးရေးရည်မှန်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စတင်မြှင့်တင်ရေး

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော် သန့်ရှင်း သာယာလှပစေရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လမ်းများ တိုးချဲ့ဖောက်လုပ်နေမှု၊ ပန်းဥယျာဉ်များ ဆောက်လုပ်နေမှု၊ သန့်ရှင်းသည့် သောက်သုံးရေ တိုးမြှင့်ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ သန့်ရှင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဆူးလေ ဘုရားလမ်းနှင့် ကမ်းနားလမ်းဆုံ မြင်ကွင်း တင့်တယ်စေရေးနှင့် ဆိပ်ကမ်းတစ်လျှောက် သာယာလှပရေး လုပ်ငန်းကော်မတီနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နယ်မြေအတွင်း စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ကမ်းနားလမ်းတစ်လျှောက် ဈေးဆိုင်များနှင့် လမ်းဘေးဈေးသည်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် ရန်ကုန်မြို့တော်အတွင်းရှိ အဆောက်အအုံများသန့်ရှင်းသပ်ရပ်ရေးနှင့်သစ်လွင်လှပရေး လုပ်ငန်းကော်မတီတို့နှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက မီးရထားခုံးကျော်တံတားများ တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် မြို့တော်အတွင်းရှိ တံတားများ လုံခြုံရေးနှင့် သန့်ရှင်းသပ်ရပ်ရေး လုပ်ငန်းကော်မတီတို့နှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် လုပ်ငန်းများ ဆောင်ရွက်ရန် ပစ္စည်းစုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြို့တော်အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သောပစ္စည်းများ စုဆောင်းရရှိရေး လုပ်ငန်းကော်မတီနှင့်ပတ်သက်၍ ပစ္စည်းများရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေမှု အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရေဆိုးများသန့်စင်ရေးစက်ရုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ် ဆယ်မိုင်ကုန်းဒေသ၊ အနန်းပင်ဒေသ၊တညင်းကုန်းဒေသ၊ချစ်တီးကုန်းဒေသ၊ ပေါက်ကုန်းဒေသများအတွင်းရှိ အဆောက်အအုံများ မြင်ကွင်းတင့်တယ်စေရန် ပြန်လည်တည်ဆောက်ရေးနှင့် ပြောင်းရွှေ့ရေး လုပ်ငန်းကော်မတီ၊ တညင်းကုန်း ကုန်စိမ်းဈေး တည်ဆောက်ရေးလုပ်ငန်းကော်မတီနှင့် ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကော်မတီများအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့်အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများအလိုက် ဝိုင်းဝန်းကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် လုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ထပဆ)

ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော် ဆုပေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး ဆုဖလားနှင့် ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၂၀

ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ရက် ည ၈နာရီက စစ်တွေမြို့ ဗဟိုရေကစားမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများအား ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲယှဉ်ပြိုင်ခဲ့ကြသည့် တစ်ဦးချင်း အကပြိုင်ပွဲ ရှစ်ယောက်တွဲ ယိမ်းအကပြိုင်ပွဲ၊ ၁၂ ယောက်တွဲ ယိမ်းအကပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဆုရ စက်မှုကုန်သည်ကြီးများအသင်း ယိမ်းအဖွဲ့အား တိုင်းမှူးက ဆုဖလားနှင့် ဂုဏ်ပြုငွေကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲအသီးသီးတွင် ပထမဆုရယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေကြပြီးနောက် သင်္ကြန်ယိမ်းအဖွဲ့များက မြန္မာယိမ်းဖြင့် စုပေါင်းဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) ညနေ ၃နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ အခမ်းအနားကို ရခိုင်ရိုးရာ မင်္ဂလာစည်တော်ဖြင့် ဖွင့်လှစ်ပြီး အဆိုတော် ဦးစံညွှန့်က ဧကပိုဒ်ရတုဖြင့် ရွတ်ဆိုပူဇော်သည်။

ထို့နောက် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းအကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း မရှိသည့် အဘိုးအဘွား ၆၈ဦးအား သက်ဆိုင်ရာ ရပ်ကွက်များသို့ သွားရောက်ပူဇော်ကန်တော့ခဲ့မှုနှင့် အဘိုးအဘွားများသို့ လှူဒါန်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်း၍ အလှူငွေများ ပေးအပ်လှူဒါန်းပြီးနောက် မြို့ပေါ်ရပ်ကွက်အသီးသီးမှ အလှူရှင်များက အဘိုးအဘွားတစ်ဦးချင်းအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အပူဇော်ခံ သက်ကြီးအဘိုးအဘွားများကိုယ်စား အဘိုးဦးလှမ်းလှဦးက ဆုတောင်းမေတ္တာ ပို့သပေးသည်။

ဆက်လက်၍ ရခိုင်ရိုးရာ စိုင်းဒြား ရခိုင်စည်အဖွဲ့မှ လူငယ်များက ယိမ်းအကတို့ဖြင့် ဂါရဝပြု ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာစာရေးဆရာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံစာရေးဆရာများ အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှု တိုးပွားစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်မည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)ခေါင်းဆောင်သော မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြားရေး ဝန်ကြီးဌာနရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ မိသားစုများကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

တရုတ်-မြန်မာ နှစ်နိုင်ငံ စာရေးဆရာများ အပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှု တိုးပွားစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ) ခေါင်းဆောင်သော မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ဥချစ်ကုန်းကျေးရွာ စက်ရေတွင်းဖွင့်

အင်းတော် ဧပြီ ၇

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် ဥချစ်ကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၉ ရက် နံနက်က အဆိုပါ စက်ရေတွင်း အခမ်းအနားမုခ်ဦးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ကျော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဥချစ်ကုန်းနေ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ ဥချစ်ကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းကြည်တို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဥချစ်ကုန်းကျေးရွာ စက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်းအမျိုးအစားဖြစ်ပြီး ရေထွက်နှုန်းမှာ တစ်နာရီ ဂါလန် ၉၀၀ထွက်ရှိသဖြင့် ဥချစ်ကုန်းကျေးရွာပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိပြီဖြစ်သည်။ အဆိုပါ စက်ရေတွင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ငွေကျပ် ၇၇၂၂၃၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၂၃၃)**

မဟာစည် သတိပဋ္ဌာန် ခုနစ်ရက်တရားစခန်း

ပြင်ဦးလွင် ဧပြီ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မြမာလာရပ်ကွက် သဃ်မိတ္တာ သီလရှင်စာသင်တိုက်၌ ဧပြီ ၂၆ ရက်မှ မေ ၂ ရက်ထိ မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ) ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဗလုံ-ကန်ဆင့် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့် ကျောက်ချောလမ်း ဖောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်

မြင်းခြံ ဧပြီ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်သော ဗလုံ-ကန်ဆင့် ကျေးရွာချင်းဆက် မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈နာရီတွင် ကန်ဆင့်ကျေးရွာရှေ့ မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး(စစ်ဆေးရေး) ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာလူထုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင်က ဗလုံ-ကန်ဆင့် ကျေးလက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြေသားလမ်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းမြေသားလမ်းကို မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေကျပ် ၉၂၅၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရာသီမရွေး သွားလာနိုင်ရန် စည်ပင်သာယာရေးအဖွဲ့၏ ယန္တရားနှင့် အင်ဂျင်နီယာ ကူညီပံ့ပိုးမှုဖြင့် ကျောက်ချောလမ်း ဖောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၄)**

မကွေးတိုင်း မှုခင်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး ဧပြီ ၁၀

မကွေးတိုင်း မှုခင်းကျဆင်းရေးနှင့် ပညာပေး သတင်းထုတ်ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်း ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး ခန်းမ၌ ကျင်းပရာ ကော်မတီ အတွင်းရေးမှူး မကွေးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆောင်ရွက်ချက်

ထို့နောက် ပညာပေးရေး၊ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဒုတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သန်းက ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ထိုက်သင့်သောပြစ်ဒဏ်ရရှိရေး၊ ပြစ်မှုနှင့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ချက်များကို တိုင်းတရားသူကြီးကိုယ်စား ခရိုင်တရားသူကြီး ဒေါ်မြင့်မြင့်ဌေးက လည်းကောင်း၊ တရားသေ၊ တရားရှင်လွှတ်သည့် ပြစ်မှုများ၊ ပြင်ဆင်မှု၊ အယူခံမှုများနှင့် ပတ်သက်၍ တိုင်းဥပဒေအရာရှိ ဦးဇေယျကလည်းကောင်း တင်ပြဆွေးနွေးသည်။ **(၃၃၃)**

မြို့နယ် သတင်းများ

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွင်ညွှန့်နှင့် ဒုလက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့သည် ဝက်လက်၊ အင်ကြင်းပင် ကျောက်ချောလမ်းအတွက် ကျောက်ခွဲစက်ဖြင့် ကျောက်ခွဲစိတ်မှုများကို မတ် ၂၅ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (၂၃၀)

ကျေးလက်ရေပေးဝေရေး လုပ်ငန်းဖွင့်

မိုးကောင်း ဧပြီ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကုန်းတန်းကြီး ကျေးရွာအုပ်စုမှ ပြည်သူများ ပူးပေါင်း၍ စိမ့်စမ်းရေသွယ်စနစ်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၂၇ ရက်က ကုန်းတန်းကြီးကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ကျေးလက် ရေပေးဝေရေးလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၆၈၆၉၀၀၊ ကျေးရွာအုပ်စုပြည်သူများက ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ် ၇၁၈၆၉၀၀ ကုန်ကျခဲ့သည်။ **(၄၉၉)**

ဟံဇား-သိမ်ရွာ ကျေးလက်မြေသားလမ်းဖွင့်

သာစည် ဧပြီ ၁၄

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာလူထုတို့ ပူးပေါင်းဖောက်လုပ်ခဲ့သော ဟံဇား-ကျောက်ပန်း-သိမ်ရွာ ကျေးလက်မြေသားလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ် မုခ်ဦးတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆန်းလွင်က အမှာစကားပြောကြားပြီး မြေသားလမ်းသစ်ကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဆန်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော မြေသာလမ်းသစ်မှာ လမ်းအရှည် ၂ မိုင်နှင့် ၅ ဒသမ ၅ ဖာလုံရှိပြီး လမ်းအကျယ်မှာ ၁၇ ပေရှိကြောင်း သိရသည်။ **(၄၂၅)**

ရေဦးမြို့နယ် ကျောက်ချောလမ်းများဖွင့်

ရေဦး ဧပြီ ၁၂

ရေဦး-မန်ကျည်းတော ကျောက်ချောလမ်းနှင့် သမိန်ဗရမ်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားများကို မတ် ၂၅ ရက်က အဆိုပါကျောက်ချောလမ်း မုခ်ဦးမဏ္ဍပ်များ၌ ကျင်းပသည်။

ရှေးဦးစွာ ရေဦး-မန်ကျည်းတော ကျောက်ချောလမ်း ဖွင့်ပွဲကို မတ် ၂၅ ရက်က မန်ကျည်းတောရွာ တောင်ထိပ်ရှိ မုခ်ဦးမဏ္ဍပ်၌ ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကိုနှင့် မြို့မိ၊ မြို့ဖအဖွဲ့ဝင် ဦးသိန်းအောင်တို့က ကျောက်ချောလမ်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်လှစ်

အဆိုပါ ရေဦး-မန်ကျည်းတော ကျောက်ချောလမ်းကို ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁၈ သိန်း ငါးသောင်းကျော်နှင့် စည်ပင်သာယာရေးရန်ပုံငွေမှ ကျပ် ၂၃ သိန်း လေးသောင်းကျော် စုစုပေါင်း ငွေကျပ် ၄၁ သိန်း ကိုးသောင်းကျော်ဖြင့် ဖောက်လုပ်ခဲ့ပြီး လမ်းအရှည် ပေ ၄၈၀၀ ကျော်၊ အကျယ် ၁၈ ပေ ရှိပြီး ရာသီမရွေး အလွယ်တကူ ဆက်သွယ် သွားလာနိုင်ပြီဖြစ်သည်။

အလားတူ ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ သမိန်ဗရမ်းကျောက်ချောလမ်းဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါလမ်း မုခ်ဦးမဏ္ဍပ်တွင် ဆက်လက်ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကိုနှင့် မြို့မိ၊ မြို့ဖအဖွဲ့ဝင် ဦးစိုးတင့်တို့က သမိန်ဗရမ်း ကျောက်ချောလမ်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ သမိန်ဗရမ်းလမ်းမှာ အရှည် ပေ ၁၈၀၀ ကျော်၊ အကျယ် ၁၈ ပေ ရှိပြီး ကုန်ကျငွေတန်ဖိုးမှာ ပြည်သူလူထု ထည့်ဝင်ငွေ ကျပ် ၂၁ သိန်း နှစ်သောင်းကျော်နှင့် မြို့နယ်စည်ပင်သာယာ ရန်ပုံငွေမှ ငွေကျပ် ၁၃ သိန်း တစ်သောင်းကျော် စုစုပေါင်းငွေကျပ် ၃၄ သိန်း သုံးသောင်းကျော် ကုန်ကျကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးရွာဆက် မြေသားလမ်းဖောက်

ခင်ဦး ဧပြီ ၁၂

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သောင်းနှင့် လမ်းဖြစ်မြောက်ရေး အဖွဲ့တို့သည် ခင်ဦးမြို့နှင့် ငှက်ပျောကျေးရွာ ဆက်သွယ်သည့် မြေသားလမ်းဖောက်လုပ်မှု အခြေအနေကို မတ် ၂၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက်ကျန်းမာရေး ဆေးခန်းသစ်ဖွင့်

ပင်လယ်ဘူး မတ် ၈

စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့နယ် ကားလမ်း ဝဲ၊ ယာဒေသ မြေလင်း ကျေးလက် ကျန်းမာရေးဌာန၊ သင်နီးတောရွာ ကျေးလက် ကျန်းမာရေးကဌာနခွဲဆေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၇နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယားရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွှန့်သန်းတို့က အမှာစကားပြောကြားကြသည်။ (၂၂၂)

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲကျော်သူရဲသူရ သန်းကျော်ကျော်နှင့် အဖွဲ့ ဧပြီ ၃ ရက်က မိတ္ထီလာမြို့နယ် မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (၃၈၇)

CLIMAX BUSINESS GROUP CO., LTD. ☎ 01-524790

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊အမှတ်(၈)ထုတ်ဝေ

ရန်ကုန် ဧပြီ ၂၀

၂၀၀၄ခုနှစ် မြန်မာနှစ်ကူးသင်္ကြန်ပုံရိပ်များကို ပေါင်းစည်းဖော်ကျူးထားသည့် မျက်နှာဖုံးနှင့် ကျောဖုံးအလှတို့ဖြင့် "ဝံသာနု" သတင်းလွှာအတွဲ(၁၃) အမှတ်(၈)ကို ထုတ်ဝေထားကြောင်း သိရသည်။ **(အောက်ယာပုံ)**

"ဝံသာနု" သတင်းလွှာတွင် မဟာမြတ်မုနိဘုရားကြီး ပြာသဒ်တော်အထက်ပိုင်း သံကွန်ခြာပျားစွဲ၊ ဂဂ်ါကျွန်း ကျောက်တုံးများကြားက ဝေလငါးကြီး၊ မန္တလေး၌ မိုးသည်းထန်စွာရွာ လေပြင်းတိုက်ခိုက်မှုဖြစ်ပွား၊ စီးပွားဖြစ်သင်္ကြန်ရေကစား မဏ္ဍပ်များ၊ သင်္ကြန်ကို အရောင်ဆိုးခဲ့သော မြင်ကွင်းပုံရိပ်များ၊ ဒါဖတ်ပြီးမှ နိုင်ငံခြားမှာ အလုပ်သွားလုပ်ကြ၊ မြန်မာတွေစည်းကမ်းရှိဖို့ အချိန်တန်ပြီ(ဆောင်းပါး)နှင့် ထိုင်းသင်္ကြန်ပွဲတော်၊ ဗြိတိန်အာဏာပိုင်များ အစိုးရိမ်လွန်ကဲမှု ကင်းထောက်လက်စွဲစာအုပ် အပိတ်ခံရ၊ ဘင်လာဒင်ကို ရက်ရက်စက်စက် ချေမှုန်းသတ်ဖြတ်ရန် ကလင်တန်ကြံစည်ခဲ့၊ ဗြိတိန်ကျောင်းသားများ မူးယစ်ဆေးဝါးသုံးစွဲမှုပိုမိုများပြားလာ၊ အီရတ်နိုင်ငံမှ ရွှေချောင်းခိုးထုတ်သူ ဗြိတိသျှစစ်သား၊ အနောက်ဥရောပဓလေ့ကို အားကျသော ထိုင်းလူငယ်လူရွယ်များ၏ အချစ်ရေးပြဿနာ၊ အမေရိကန်ရဲများ အနိုင်ကျင့်ခံရသူ အမေရိကန် ရုပ်ရှင်မင်းသား၊ ကြော်ငြာမှာ ရုပါဖြစ်နေသော ကမ္ဘာကျော်ဘောလုံးသမားစသည်တို့ဖြင့် ပြည့်တွင်းပြည်ပသတင်းအဖုံဖုံကို ပြည့်ပြည့်စုံစုံဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ၊အမှတ်(၄၁၀)၊ ၂၉လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

အမည်ပြောင်းခြင်း

အထက(၁)ဒဂုံ၊ တတိယတန်း (C)မှ အဘ ဦးအောင်ငွေးဝင်း၏ သမီးဖြစ်သူ မရွှန်းလဲ့ငယ်အား ယနေ့မှစ၍ မရတနာရွှန်းလဲ့ဟု ပြောင်းလဲခေါ်ပါရန်။ **မရတနာရွှန်းလဲ့။**

SPOKEN ENGLISH
SUCCESS LANGUAGE ACADEMY



ဘဲလေး
Digital Photo Studio

Three Friends Co., Ltd. | Construction and Decoration | Trading
44 A (1)
Ph : 01 - 201121, 294864, 09 - 80 - 34431
- ဆောက်လုပ်ရေး (PAE, Supervision)

9 AM-6 PM

ရန်အောင် မေဆွိ

မြသက်ချယ် TRAVELS & TOURS
PH: 293294 , 295274

STAR LIGHT
Ph: 534457

တံတားဖြတ်သန်းခ လေလံကြော်ငြာ

၁။ မန္တလေးတိုင်းအတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄ခုနှစ် ဧပြီလ (၂၃/၂၄) ရက်နေ့များတွင် နေ့စဉ်(၀၉း၀၀)အချိန်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

(က) ၂၀၀၄ ခုနှစ် ဧပြီလ(၂၃)ရက်နေ့ (၀၉း၀၀)နာရီ

(၁) နားငွောင်းကျတံတား (ပုသိမ်ကြီးမြို့နယ်)
(၂) မြစ်ငယ်တံတား (စဥ့်ကိုင်မြို့နယ်)
(၃) သူရဲချောင်းတံတား (ပျော်ဘွယ်မြို့နယ်)

(ခ) ၂၀၀၄ ခုနှစ် ဧပြီလ(၂၄)ရက်နေ့ (၀၉း၀၀) နာရီ

(၁) စမုံတံတား (ဝမ်းတွင်းမြို့နယ်)
(၂) စမုံပေါက်တံတား (မြစ်သားမြို့နယ်)
(၃) တံငါတံတား (မတ္တရာမြို့နယ်)

(၂) စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက် အသေးစိတ်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မန္တလေးတွင် ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်း တံတားဖြတ်သန်းခ လေလံရောင်းချရေးကော်မတီ။

ရှိုင်းဆောက်လုပ်ရေးအဖွဲ့ မှ
ရန်ကုန်မြို့လယ်ကောင်တွင် အသင့်နေထိုင်နိုင်သော အဆင့်မြင့်တိုက်ခန်းကျယ်များ
ကို သက်သာသောတန်ဖိုးဖြင့် ရောင်းချပေးနေပါပြီ။
SHINE အမှတ်(၁၆၅/၁၆၇၊ ၁၇၃/၁၇၉နှင့်၁၈၀/၁၈၅)၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
SHINE အမှတ် (၉၅/၉၇)၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
SHINE အမှတ်(၁၆၄)၊ ဘားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊
SHINE အမှတ်(၁၂၅/၁၂၇)၊ ၂၉ လမ်း၊ လသာမြို့နယ်၊
☎ ၀၁ - ၂၅၃၃၃၂၊ ၃၃၃၃၀၂၊ ၂၅၃၆၆၃
E-mail shine@myanmar.com.mm , Fax : 250485.
ဦးရာကျူးစနစ်ဖြင့် ရောင်းချပေးနေပါပြီ။

ရွှေရင်အေးစပါးမျိုးသစ် စံပြမျိုးပွားစိုက်ခင်း ကွင်းပိတ်

ညောင်ရွှေ ဧပြီ ၁၀

ညောင်ရွှေမြို့နယ် သလဲဦး ကျေးရွာအုပ်စု အလယ်မြောင်းကျေးရွာ၌ ရွှေရင်အေးစပါးမျိုးသစ် စံပြဧက ၅၀ မျိုးပွားစိုက်ခင်း ကွင်းပိတ်ပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာန်ရှိသူပုဂ္ဂိုလ်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးစိုးမင်းတို့က မျိုးပွားစိုက်ခင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စပါးမျိုးသစ် စိုက်ပျိုးတောင်သူဦးစိုးမြင့်စိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းမှူးက လှူဒါန်းသော ကွန်ပိုဆာဘိုက်အိုဓာတ်မြေဩဇာ အိတ် ၅၀ ကို ပေးအပ်ရာ တောင်သူ ဦးခင်အောင်က လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးက လမ်းညွှန်အမှာစကားပြောကြားပြီး ကွင်းပိတ်ပွဲသရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကုက္ကိုကျေးရွာ အမကကျောင်းဆောင်သစ်နှင့် မော်ကွန်းကျောက်စာ ဖွင့်ပွဲကျင်းပ

သနပ်ပင် ဧပြီ ၉

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာဖွင့်ပွဲနှင့် ၁၉၆ သိန်းတန်ဖိုးရှိ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပရာ ပဲခူးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ သနပ်ပင်မြို့နယ် ဥက္ကဋ္ဌဦးစိုးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းမော်ကွန်းကျောက်စာအား ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများက ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပဲခူးမြို့ဝင်းနိမ္မိတာရုံကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ၊ ပဲခူးတိုင်းလက်ထောက်တိုင်းပညာရေးမှူး ဦးဇော်ဝင်း၊ မတည်အလှူရှင်တစ်ဦးဖြစ်သည့် ဒေါ်တင်လှတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဒုဥက္ကဋ္ဌဦးသန်းထွေတို့က ကျောင်းဆောင်သစ်နှင့်ပတ်သက်သောစာရွက်စာတမ်းများအား လက်ထောက်တိုင်းပညာရေးမှူး ဦးဇော်ဝင်းထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ဆန်းဆန်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါကျောင်းဆောင်သစ်သည် ပညာရေးဌာနခွင့်ပြုငွေကျပ် ၄၀ ဒသမ ၅ သိန်း၊ ပဲခူးမြို့ဝိဇာကျောင်းအမကြီးဒေါ်သန်းတင့်ကမတည်ထည့်ဝင်ငွေကျပ်၃၃သိန်းနှင့် ပြည်သူနှင့် ကျေးရွာ လှူထုထည့်ဝင်ငွေ ကျပ် ၁၂၂ဒသမ၅သိန်းစုစုပေါင်း၁၉၆သိန်း ကုန်ကျကြောင်းသိရသည်။ **(၁၄၅)**



ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်(ညောင်နှစ်ပင်) နှင့် ဆက်သွယ်ထားသည့် အမှတ်(၃) ငါးဆူတောင်လမ်းမကြီး ကွန်ကရစ်လမ်း လမ်းပခုံး မြေသားခင်းခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့ ဧပြီ ၁ ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖီးပင်ကြီးဆေးရုံ သန့်ရှင်းရေးဆောင်ရွက်

မန္တလေး ဧပြီ ၈

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဖီးပင်ကြီး ကုတင် ၅၀ ဆံ့ ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီးရဲမှူးကြီး ခင်မောင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးကျော်ထွေးတို့ ဦးဆောင်သော သန္ဓေတပ်ဖွဲ့ အရာရှိ၊ အခြားအဆင့် ၅၀ ဦး၊ ဒု-ရဲအုပ် လောင်းသင်တန်းသား ၁၅၀ ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ၄၂ ဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်စောဝင်း ဦးစီးသော ကျန်းမာရေးဝန်ထမ်း ၁၈ ဦးတို့ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(၁၀၄)**

ကွမ်းလုံ၌ ပညာပေးဟောပြောပွဲ ကျင်းပ

ကွမ်းလုံ ဧပြီ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မတ် ၁၆ရက်တွင် ကွမ်းလုံမြို့နယ် မန်ကြိန်းကျေးရွာအုပ်စု ကောင်းဟုန်းကျေးရွာ မူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်ပြပွဲနှင့် ပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယိမ်းကျန်းက အဖွင့်အမှာစကားပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးသိန်းဇော်က ဘိန်းအစားထိုး ဒေသဝမ်းစာစပါး ဖူလုံရေးအတွက် အထူးအထွက်ကောင်း ဆင်းရတနာယာစပါးမျိုးကို အထူးအလေးထား စိုက်ပျိုးရေးကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃)ဒေါ်အေးအေးခိုင်က ကျန်းမာရေးမြင့်တင်ရန် သန့်လေးသန့် လုပ်ငန်းများကိုလည်းကောင်း၊ ပုံနှိပ်ကျွမ်းကျင်(၅) ဒေါ်နန်းခမ်းအိုင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရန်နှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

လေ့လာကြည့်ရှု

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာတမ်းများကို လေ့လာကြည့်ရှုကြကြောင်းသိရသည်။ **(၄၆၄)**

မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

မြစ်ငယ် ဧပြီ ၅

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မန္တလေးတိုင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တိုင်းမန်နေဂျာ ဦးသန်းအောင်ကျော်နှင့် လက်ထောက်တိုင်းမန်နေဂျာ ဦးအေးထွန်းတို့ လမ်းညွှန်မှုအရ မီးဘေးကြိုတင် ကာကွယ်နိုင်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် မြစ်ငယ် စက်ကွင်းရပ် ဒေသတာဝန်ခံ ရုံးဝင်းအတွင်း ကျင်းပသည်။

အဆိုပါသရုပ်ပြသရာတွင် ဒေသတာဝန်ခံဦးကျော်ကျော်နှင့် သိုလှောင်ရုံမှူး ဦးဇော်လင်းတို့က ကြီးကြပ်ဆောင်ရွက်ပြီး ဌာနဆိုင်ရာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။ **(၄၃၃)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဧပြီ ၁၅

ရမည်းသင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသရေရရှိရေးဆောင်ရွက်မည့် အစီအစဉ်အရ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ရေရှားပါးသည့် မြင်းနားကျေးရွာအုပ်စု သဲချောင်းကျေးရွာတွင် နှစ်လက်မ တွင်းနက်တူးဖော်ဆောင်ရွက်နေမှုအား မတ် ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဦးဗိုလ်ဆန်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ညောင်တုန်းမြို့နယ် နယ်မြေ(၁)၊ အုပ်စု(၁) ပန်းရောအမက မူလတန်းဆင့် သင်ယူပြီးမြောက် ခြင်းလက်မှတ်ပေးအပ်ပွဲကို ယင်းကျောင်းတွင် မတ် ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးက ကျောင်းသား၊ ကျောင်းသူများအား မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်များ ပေးအပ်စဉ်။ (၁၆၁)

ကြေးမုံ မြို့နယ်သတင်းများ

ပြည်မြို့တေဇအမကကျောင်း၌ မတ် ၂၆ ရက်က ကျင်းပသောပညာရည်ထူးချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားတွင် လမ်းပေါ်မှကောက်ရခဲ့သည့် အလေးချိန်တစ်ကျပ်သားရှိ ရွှေဆွဲကြိုးကို ဆရာမများထံ ရိုးသားစွာလာရောက်အပ်နှံပြီး ပိုင်ရှင်ကိုရှာဖွေ၍ ပြန်လည်ပေးအပ်ခဲ့သည့် စတုတ္ထတန်းကျောင်းသား မောင်ညွန့်အောင်အား ကျောင်းအုပ်ဆရာမကြီးက စာရိတ္တထူးချွန်ဆု ချီးမြှင့်ပေးအပ်စဉ်။ (၁၃၈)

သီးလုံးကျေးရွာ ကျောက်ချောလမ်းဖွင့်

ရွှေဘို ဧပြီ ၅

ရွှေဘိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် သီးလုံးလမ်း(ကျေးလက်ကျောက်ချောလမ်း)ဖွင့်ပွဲ အခမ်းအနားကို ရွှေဘိုမြို့နယ် သီးလုံးကျေးရွာတွင် မတ် ၂၃ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရွှေဘိုမြို့နယ် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

ယင်းလမ်းအား ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်နှင့် သီးလုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အကုန်အကျခံ

အဆိုပါ လမ်းမှာ သီးလုံးရွာနှင့် ရွှေဘို-ရေဦးလမ်းမကြီးသို့ ဆက်သွယ် ဖောက်လုပ်ထားပြီး အရှည်ပေ၇၃၀၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်း ဖြစ်၍ အဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၂၁၀၀၀၀၀၊ ပြည်သူမှ ထည့်ဝင်ငွေကျပ် ၁၂၈၈၆၅၀၀ စုစုပေါင်းငွေကျပ် ၁၄၉၈၆၅၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

(၂၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီး**စံအေးလှ**နှင့် ချစ်မေမေ **ဒေါ်ခင်မာဝင်းချစ်**တို့၏ ၂၁-၄-၂၀၀၄နေ့တွင် ကျရောက်သည့် (၂၇) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူ အောင်မြင်သောဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ---။

ချစ်သမီးကြီး – မေပွင့်စံ B.A(H.E)
Director [Yadanamon Construction Co.,Ltd.]

ချစ်သား – ချစ်မင်းစံ (Final Year)
B.Sc Engineering (E.C)

ချစ်သမီးငယ် – စုနွယ်စံ (Final Year)
Institute of Pharmacy

သူနာပြုတက္ကသိုလ်၊ ရန်ကုန်
နဝမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၂၀၀၂-၂၀၀၃ပညာသင်နှစ် ၂၀၀၃ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သော သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ၁၁/၂၀၀၂ သင်တန်းဘွဲ့ရ စာမေးပွဲအောင်မြင်သူများ၊ ၂၀၀၃ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော သူနာပြုသိပ္ပံ(ပေါင်းကူး)သင်တန်းဘွဲ့ရ စာမေးပွဲအောင်မြင်သူများ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည့် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ၅/၂၀၀၃သင်တန်း ဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ပထမအကြိမ် သူနာပြုမဟာသိပ္ပံနှင့် အထူးပြုသူနာပြု ဒီပလိုမာ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ရက် – ၂၂-၅-၂၀၀၄(စနေနေ့)
ကျင်းပပြုလုပ်မည့်နေရာ – ရန်ကုန်တက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)
ကျင်းပမည့်အချိန် – နံနက် (၉:၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး – ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့် ပတ်(စ်)ပို့စတ်ပုံ(၂" x ၁½")အရွယ် (၂)ပုံ(လျှောက်လွှာနှင့်အတူပေးသွင်းရန်)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး–၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်နေ့ရက် – ၂၁-၅-၂၀၀၄ (သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန် – နံနက် (၉:၀၀)နာရီ
လျှောက်လွှာပိတ်မည့်ရက် – ၄-၅-၂၀၀၄
မှတ်ချက်။ ။ ဘွဲ့ဝတ်စုံ ငှားရမ်းခွင့်လျှောက်လွှာများကို ၁၇-၅-၂၀၀၄ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲရေးရာဌာနစိတ်တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြိတ်မြို့ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း၊ သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန်ကြော်ငြာ

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားနှစ်စင်း၏ ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်း လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်–

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) ပုလောတံတား (ပုလောမြို့)
(၂) ပလောက်တံတား (ပလောက်မြို့နယ်ခွဲ)

(ခ) **လေလံလျှောက်လွှာ ဝယ်ယူရရှိနိုင်သည့်နေရာ**
(၁) မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား-၂၊ ဌာနခွဲ(ဖုန်း-၀၅၉-၄၁၀၁၃)
(၂) မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့၊ ငွေစာရင်းဌာနခွဲ (ဖုန်း-၀၅၉-၄၁၀၀၇)

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
- မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့။ ငွေစာရင်းဌာနခွဲ (ဖုန်း-၀၅၉-၄၁၀၀၇)

(ဃ) **လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊ အချိန်**
- ၁၂-၄-၂၀၀၄(တနင်္လာနေ့)၊ နံနက်(၁၀:၀၀)နာရီ

(င) **လေလံတင်သွင်းရန်နောက်ဆုံးအချိန်**
- ၂၃-၄-၂၀၀၄(သောကြာနေ့)၊ ညနေ(၁၆:၀၀)နာရီ

(စ) **လေလံတင်ရောင်းချမည့်နေရာ**
- မြိတ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်မြို့။

မှတ်ချက်။ ။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မြိတ်ခရိုင်တံတားများ အသုံးပြုခွင့် လိုင်စင်လေလံတင်ရောင်းချရေးကော်မတီ မြိတ်မြို့။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နေ ဦးမောင်ရွှေ(စစ်မှုထမ်း-ငြိမ်း)-ဒေါ်ဝင်းဝင်းကြည်တို့၏သား

ဗိုလ်မှူးဝင်းမြတ် B.Sc(D.S.A)(ဒု-တပ်ရင်းမှူး)

နှင့်

လားရှိုးမြို့၊ (၁၁/၂၃)၊ ခတ္တာလမ်း၊ ရပ်ကွက်(၈)နေ ဦးအောင်ကြီးညွန့်(ခရိုင်ဦးစီးမှူး-ငြိမ်း)-ဒေါ်နန်းခင်စိုးညွန့်တို့၏သမီး

နန်းခင်ဖုန်းမြင့် (B.A,B.Ed)

(အထက်တန်းပြ၊ အထက ချင်းရွှေဟော်)

တို့သည် ၈-၄-၂၀၀၄ရက်နေ့တွင် မန္တလေးမြို့ တွဲဖက်တိုင်းတရားသူကြီး ဦးမောင်မောင်၏ ရှေ့မှောက်တွင် လက်ထပ်မင်္ဂလာစာချုပ် လက်မှတ်ရေးထိုး၍ ၉-၄-၂၀၀၄ရက်နေ့တွင် မန္တလေးမြို့နေအိမ်၌ မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်းနှင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဦးနှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးဝင်းမြတ်-နန်းခင်ဖုန်းမြင့်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဧပြီလ ၉ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဆီဆေးနှင့်လမ်းသုတ်ဆေး (Road Line Paint) များ	၆၅၀၀ဂါလန်
၂။	ငါးခြောက်	၂၄၀တန်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၃၀-၄-၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

တံတားအသုံးပြုခလေလံတင်ရောင်းချရန်ကြော်ငြာ

စစ်ကိုင်းတိုင်းအတွင်းရှိ တံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်တံတား(၄)စင်းအား (၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ) တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ လေလံတင်ရောင်းချမည့် တံတားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ညောင်ပင်ဝန်းတံတား	(စစ်ကိုင်းမြို့)	စစ်ကိုင်းခရိုင်
(၂) သမရီးတံတား	(ဝက်လက်မြို့)	ရွှေဘိုခရိုင်
(၃) မဲဇာတံတား	(အင်းတော်မြို့)	ကသာခရိုင်
(၄) ချင်းတွင်းတံတား(မုံရွာ)	(မုံရွာမြို့)	မုံရွာခရိုင်

လေလံပွဲကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် ၂၇-၄-၂၀၀၄ရက် နံနက်(၁၀)နာရီတွင် ကျင်းပပါမည်။

လေလံယှဉ်ပြိုင်လိုသူများသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နှင့် သက်ဆိုင်ရာခရိုင်အင်ဂျင်နီယာမှူးရုံးများတွင် အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
စစ်ကိုင်းတိုင်း-မုံရွာမြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးညွန့်ဝေ(စက်မှုလယ်ယာ၊ အငြိမ်းစား)-ဒေါ်ခင်စိန်တို့၏သားထွေး

ဗိုလ်ကြီးအောင်ကြည်စိုး
B.Sc(D.S.A),M.Sc(Chemistry)Final Part II

နှင့်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်)နေ ဦးထိန်ဝင်း (L.P.W. Electronics) –ဒေါ်ခင်မေနိုင်တို့၏သမီး

မမြမဥ္ဇူ
B.Sc(Hons:)Physics, M.Sc(Engineering Physics) II

တို့သည် ၁၇-၄-၂၀၀၄(မြန်မာနှစ်ဆန်းတစ်ရက်)နေ့တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးအောင်ကြည်စိုး-မမြမဥ္ဇူ။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၄

(ကွယ်လွန်သူမောင်ဖြစ်သူ ဦးလှမောင်ကျော် ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသောအမှု)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ အခန်း(၇)၊ ကွန်ဒို(အေ)၊ (၁၂လွှာ)နေ ဒေါ်လှလှကျော့ [၁၂/ကမရ(နိုင်)၀၂၇၃၆၁] ကိုင်ဆောင်သူက ကွယ်လွန်သူ ဦးလှမောင်ကျော်၏အစ်မဖြစ်သည်ဟူ၍ ဗဟန်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးလှမောင်ကျော်ကျန်ရှိရစ်သောပစ္စည်းနှင့် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်အတွက် အမွေဆက်ခံခွင့်သက်သေခံလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးလှမောင်ကျော် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူမည်သူမဆို ဤရုံးသို့ ၂၀၀၄ခုနှစ် ဧပြီလ၂၆ရက် နံနက်(၁၀)နာရီ (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၈ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်လှလှကျော့၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့်၊ မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ခုနှစ် ဧပြီလ ၈ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း

အဖ ဦးခင်မောင်ဦး၏သမီး မခင်ဇာခြည်ဦးအား ယနေ့မှစ၍ မခင်ဇာခြည်ဟုလည်းကောင်း၊ သားမောင်ဖြိုးဇော်ထက်အား ယနေ့မှစ၍ မောင်ဇော်ထက်ဟုလည်းကောင်းပြောင်းလဲခေါ်ပါရန်။

တိုက်ခန်းအသစ်ငှားမည်

မင်္ဂလာဈေးနှင့်ယုဇနပလာဇာအနီး၊ ပထမထပ်၊ လူနေ(သို့)ပစ္စည်းထား၊ ဈေးနှုန်းသင့်၊ ပိုင်ရှင်ကိုယ်တိုင်၊ ပွဲစားမလို။

Ph: 09-50-16871

ရောင်းမည်

အိမ်အမှတ်(၅၀)၊ ပတ္တမြားလမ်း၊ သာကေတ၊ ကိုယ်ပိုင်အိမ်ရာဝင်း၊ နှစ်ထပ်လုံးချင်း၊ နှစ်(၆၀)ဂရန်၊

ဖုန်း-၆၃၅၉၆၃။

FAME NEUROGIN®
အာရုံကြောအားဆေး

အမည်ပြောင်းခြင်း

ရွှေပေါက်ကံမြို့၊ အထက(၆) အဋ္ဌမတန်း(E)မှ ဦးကြည်မွန်၏သား မောင်ပြည့်စုံမွန်အား မောင်မြတ်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်သူ။

Opportunity to meet Korean Biz. Partners

The Trade Mission from Cheonbuk, will be visiting Myanmar to seek for Partners for the following products.

1/ Zen-Air; Herb Iron Generator (by Using Aroma Therapy) Aroma Hand Cleaner & Moisturizer 2/ Ultra Low Volume (ULV) Sprayer & Fogging Generator for Pest Control, Rodenticide, Pesticide 3/ Gasket for Industries and Cars 4/ Plaster of Pairs Bandage (P.O.P), Polyester Fiber Cast 5/ Plastic Mold, Water Purifier 6/ Used Forming Tractor+Combine 7/ Poly Carbonate Sheet, Acrylic Sheet

Interested entrepreneurs are cordially invited to register Related items for Individual Discussion **not later than 27 May, 2004.**

Date : 4 May 2004 (Tuesday)
Venue : Traders Hotel
Time : Will be provided when register

Commercial Sec. (KOTRA), Korean Embassy
#0902, Sakura Tower, No.339, Bogyoke Aung San Rd., Kyauktada Tsp.
Tel : 255 453 ~ 6 Fax : 255 45 Email : kotraygn@mpal.com

NEW MOTION TRAVELS CO., LTD.

❀ မူဆယ်-ရွှေလီ May ; 1 ❀ တောင်ကြီး Apr;30
❀ ချောင်းသာ May ; 1 ❀ ပုသိမ် Apr ; 30
Ph : 725 799, 537 024

ဘုရားစုံပို့ ရွှေကြေးစည်

* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ကုံလုံ(၆)ရက်
* ပုဂံ၊ ပုပ္ပား၊ စွယ်တော်လေးဆူ၊ အလိုတော်ပြည့် (၄)ရက်
* မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၈)ရက်
* ကျိုက္ခမီကဆုန်ပွဲ၊ ကျိုက်မရော၊ စက်စဲ၊ မော်လမြိုင်၊ သာမည (ကျိုက်ထီးရိုး) ၄၊ ၅ရက်
* (ကျိုက်ထီးရိုး)(ဇလွန်ပြည်တော်ပြန်)(ချောင်းသာကမ်းခြေ)ခရီးစဉ်များ

မေ ၂၃၊ ၃၀ ညထွက်ပါမည်။

ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း၊ ဖုန်း-၂၄၀၈၆၀၊ ၂၇၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ(သာကေတကျောက်တိုင်အနီး)၇၀၄၄၂၂၊ ၅၄၇၂၉၅။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော M & S Enterprise၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Tellus Marine Engineering Pte Ltd တွင် Machinery Fitter/Pipe Fitter များအဖြစ် လုပ်ကိုင်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား)များ အလိုရှိပါသည်။

(က) **လိုအပ်သောဦးရေ**	- ၃၀ ဦး
(ခ) **အသက်**	- ၃၅ နှစ်အောက်
(ဂ) **ပညာအရည်အချင်း**	- အနည်းဆုံး THS (သို့မဟုတ်) ETEC (သို့မဟုတ်) (၁၀)တန်းအောင်မြင်ပြီး Mechanical Drawing နားလည်ရမည်။
(ဃ) **အခြေခံလစာ**	- တစ်ရက်လျှင် စင်ကာပူဒေါ်လာ(၁၈)မှ(၂၀)
(င) **အချိန်ပိုခံစားခွင့်**	- တစ်ရက်လျှင် အနည်းဆုံး(၂)နာရီ
(စ) **ဝန်ဆောင်ခ**	- လုပ်ခလစာ စင်ကာပူဒေါ်လာ(၁၈)ရသူသည် ဝန်ဆောင်ခ S$ 2100 နှင့် ညီမျှသော မြန်မာကျပ်ငွေပေးချေရမည်။
	- လုပ်ခလစာ စင်ကာပူဒေါ်လာ(၂၀)ရသူသည် ဝန်ဆောင်ခ S$ 2300 နှင့် ညီမျှသော မြန်မာကျပ်ငွေပေးချေရမည်။

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အလုပ်သမားရုံးများနှင့် ကျန်ပြည်နယ်/တိုင်းများရှိ ပြည်နယ်/တိုင်း အလုပ်သမားရုံးများတွင် ၃၀-၄-၂၀၀၄နေ့ (၁၆:၃၀)နာရီမတိုင်မီ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ ပြည်နယ်/တိုင်းနှင့် မြို့နယ် အလုပ်သမားရုံးများနှင့် M & S Enterprise ရုံးတွင် စုံစမ်းသိရှိနိုင်ပါသည်။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

တတိုင်းရ

MISS
အဆင့်မြင့် ဓမ္မသီး
လိုက်ကာ၊ ချုပ်လုပ်တိုင်၊ တာတင်ဆင်ခြင်း
5th Floor
Ph : 200747, Ext - 5900, 293838

Engineering Services & Training
Cosmic

၁။ အီလက်ထရောနစ်သင်တန်း (TV, VCD, CD, DVD, Satellite)
၂။ လေအေးပေးစက်နှင့် ရေခဲသေတ္တာလက်တွေ့သင်တန်း
၃။ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း
စာတွေ့၊ လက်တွေ့ ပိုင်နိုင်စေရမည်။
နယ်တော်ဒါရှိသည်။

အမှတ်(၃၁)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (ကျောက်မြောင်းဈေးအနီး)၊ ☎- 549897

ELITE Engineering Group

Programmable Logic Controls (P.L.C)

- ခန်းဆီးပိတ်များ အသက်သာဆုံးဈေးနှုန်း ↓
- ခန်းဆီးတန်းများ အထူးလျှော့ဈေးနှုန်းသစ် ↓
- ခေါင်းအုံး၊ ကျောမှီ၊ အိပ်ရာခင်းများ ကုန်ကျံရှင်း၊ ငွေပေါ်ဈေး ↓
- ဈေးထပ်လျှော့ဦးမည့် ယင်းလိပ်များ ↓

တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်၉း၃၀မှ ၅း၀၀နာရီအထိ ရောင်းချပေးနေပါပြီ။

Adorn ခန်းဆီးနှင့် ယင်းလိပ်ဆိုင်

၄၄၉ဘီ၊ မြေညီထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်း၊ Tel 723181။

MEC အီလက်ထရောနစ်သင်တန်းကျောင်း

Computer Monitor

အမြန်ရောင်း

၁။ တာမွေ၊ ယုဇနပလာဇာနောက်၊ စံပယ်လမ်းမပေါ် 80'x80' မြေပေါ် ၃၀၀၀ft^2 လူနေပစ္စည်းထားရန် သင့်တော်သော တစ်ထပ်တိုက်လုံးချင်း၊ အဝီစိရေ+မီတာ၂

၂။ တာမွေ အထက(၁)+ယူအင်ဒီပီရုံးကြား ကန်တော်ကြီးပတ်လမ်း၊ တိုက်၆က 15x50 မြေညီ၂လွှာ(တွင်းပြင်လှေကား)ရေ၊မီး+ဖုန်း(မျက်နှာစာကန်တော်ကြီး)

၃။ လှိုင်ဘုရင့်နောင်လမ်းမကြီး၊ အေးရိပ်မွန်၊ 15'x50' မြေညီ၊ ရေ၊ မီး၊ ဖုန်း တိုက်၃(အိုဝမ်းဖွဲ့နှဆီစက်ရှေ့)

Ph: 515065, 723181, 09 80 25150

ဝန်ထမ်းအလိုရှိသည်

၁။ Marketing (မ) ၈ ဦး
၂။ အဆိုတော် ၈ ဦး
၃။ Graphic Designer (ကျား/မ) ၁ ဦး

အမည်ပြောင်းခြင်း

(၁၀၅)ရွှေဘုံသာလမ်း၊ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်နေ ဦးတင်မောင်သန်း- မနုနုတို့၏သမီး မသန်းသန်းထိုက်အား မသဲနုထွေးဟု ပြောင်းလဲခေါ်ပါရန်။

သဲနုထွေး။

G.Link Computer
Hardware Course (A+)
Graphic Design Course
Visual Basic Course
Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA
Ph : 243 982, 240 622 Fax : 240 622

☎ 380183

Yan Aung

သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၇)နေ ကွယ်လွန်သူများဖြစ်သော ဦးမြတင်-ဒေါ်သိန်းတင်တို့၏ ပိုင်ဆိုင်မှုအဝဝကို ဦးအောင်ဖေပါ(၁၀)ဦးတို့က ၁၀-၄-၂၀၀၃ရက်နေ့ ဗဟိုတရားရုံးချုပ်၏ စီရင်ချက်အရ အနိုင်ဒီကရီရရှိထားပြီးဖြစ်ပါ၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မှုအပေါ် ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခြင်း၊ နစ်နာဆုံးရှုံးအောင်ပြုလုပ်ပြောဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမောင်မောင်ချစ် (ဥပဒေဘွဲ့ရ)
ဥပဒေအကျိုးဆောင်(စဉ်-၁၅၁၃၁)
အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။

တိုက်ခန်းအမြန်ရောင်းမည်

အမှတ်-၁၅၀၊ ပထမထပ်၊
၃၇လမ်း၊ အလယ်လမ်း၊
စုံစမ်းရန် ဖုန်း-၅၁၀၉၂၀
(နံနက် ၈နာရီမှ ည၇နာရီအတွင်း)

MIT MPEC

Software Engineering & Project Management Course

-Introduction to Software Engineering & IT Architecture

-Methodologies and Design Technique

-Requirement Engineering

-Software Quality Assurance

15% Off

Queensland University of Technology(Australia

Bachelor of Information Technology Software

Engineering MIT Director

Room1,Padonmar Stadium, Bargayar Road, Sanchaung T/S,Yangon. Phone: 505278,502801,539151,668779

Express Hotel Guest House

Ph: 371152, 371153, 376651

GCE, Business & Medical English

Grammar, Letters & Essays

M R A

Grande Mark II 84 Model

512443, 511390 (8 AM - 10 AM)

ကျေးဇူးတင်ရှိခြင်း

ဦးအေးသန်း(၅၆)နှစ်

မိုးကောင်းမြို့

ကချင်ပြည်နယ်၊ ဖားကန့်မြို့၌ ၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့ပြီး ၆-၄-၂၀၀၄ရက်တွင် မိုးကောင်းမြို့၌ ဂူသွင်းသဂြိုဟ်ပြီးစီးခဲ့သော ဦးအေးသန်း၏ ဈာပနကိစ္စအဝဝကို မိသားစုနှင့်ထပ်တူထပ်မျှ ပူဆွေးသောကရောက်ခဲ့ကြပြီး ကြင်နာသနားစွာ ဝိုင်းဝန်းပံ့ပိုးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ ဖားကန့်မြို့၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ/ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖားကန့်-လုံးခင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ဖားကန့်မြို့နယ်ရှိ ရပ်မိ-ရပ်ဖဆွေမျိုးမိတ်သင်္ဂဟများ၊ မိုးကောင်းမြို့မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ/ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလယ်ရပ်ကွက်မိသားစုနှင့် ရပ်ကွက်အသီးသီးမှ ရပ်မိ၊ ရပ်ဖ ဆွေမျိုးမိတ်သင်္ဂဟများ၊ တရုတ်ယူနန်ဘုံကျောင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွမ်းသူ့ပန်းခွေ ပေးပို့ကြသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာအင်ပီရီရယ်(လ်)ဂျိတ် ကုမ္ပဏီမှ ဒါရိုက်တာများ၊ ကျောက်မျက်ရတနာ ကုမ္ပဏီများ၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်၊ ဖားကန့်)မိသားစုများ၊ ရန်ကုန်မြို့မြစ်ကြီးနားအသင်း၊ မိုးကောင်းအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဆက်သွယ်မှုအမျိုးမျိုးဖြင့် နှစ်သိမ့်အားပေးကြသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မိသားစု၏နှလုံးသားထက်တွင် တစ်သက်တာ မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အောင်မြင်နေသော

ရန်ကုန် ထမင်းချိုင့်ပို့ဆောင်ရေး

မနက်စာ ညစာကို မနက်တစ်ကြိမ်တည်းပို့ပါသည်။

အိမ်အရောက် တစ်လစရိတ်ငွေ ၃၀၀၀ဝိ/

၈/၃၊ သုခလမ်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်း၊ Ph: 664517

"True Hope"

Office Automation Course (26-04-2004)

C/C++ Programming (24-04-2004)

Visual Basic Programming (27-04-2004)

Computer for kids (26-04-004)

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မောင်တင်အောင်မျိုး

၂၁-၄-၂၀၀၃(ကျုံးကြီးလမ်း)

ချစ်လှစွာသော သားလိမ္မာ အဖေကြီးတို့မိသားစုကို ခွဲခွာသွားတာ ၂၁-၄-၂၀၀၄ရက်မှာ တစ်နှစ်ပြည့်သော်လည်း တစ်နေ့မှမေ့မရပါ။ သားကြီးရယ် နေ့စဉ်၊ လစဉ်နှင့် တစ်နှစ်ပြည့်မှာ ပြုသမျှကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ သားကြီးရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ---။

အဖေကြီး - ဦးသောင်း

ညီလေး - မောင်တင်အောင်စိုး

ညီမလေး - မစီစီတင်(ခ)မဇင်မင်းယု

၁၂၉-ဘီ၊ ကျုံးကြီးလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြင့်

အသက်(၈၀)

(မော်လမြိုင်)

ဗိုလ်မှူးချုပ်အေးမြင့်ကြူ-ဒေါ်ခင်ဆွေမြင့်နှင့် ဒုတိယဗိုလ်မှူးကြီးလှဌေး-ဒေါ်ခင်လေးမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်အေးမြင့်သည် ၈-၄-၂၀၀၄ နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။**ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုး။**

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးညွန့်ဟန်(ငြိမ်း)၊ အသက်(၆၆)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးဇော်ဦးဟန်-ဒေါ်မေထိုက်အောင်တို့၏ဖခင် ဗိုလ်မှူးညွန့်ဟန်(ငြိမ်း)သည် ၆-၄-၂၀၀၄ရက်နေ့တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစု၊ မိုင်းဆတ်မြို့။**

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာ ဒေါ်လှကြည်(၈၁)နှစ်

မာမီကြီး ၁၁-၄-၂၀၀၄နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ခုနှစ်၊ ဆေးတက္ကသိုလ်(၁)ဝင် တပည့်ဆရာဝန်များ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြည်(အင်းစိန်)

အမှတ်(၆၃/ဒီ)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးအုန်းလှိုင်-(ဒေါ်ခင်အေးလှိုင်)တို့၏အစ်မ၊ Dr.မောင်မောင်အေး-ဒေါ်မိမိလှိုင် (သီရိသုမေ္မသိင်္ဂီ)၏ အဒေါ်သည် ၁၅-၄-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

မဟာစည်သြဝါဒခံသာသနာ့ဗိမာန်ရိပ်သာ(အင်းစိန်) သာသနာ့နုဂ္ဂဟအဖွဲ့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အောင်လံမြို့၊ ဇေယျဝတီရပ်ကွက်၊ (၁၀)လမ်း၊ တိုက်အမှတ်(၄၁)နေ အဘ ဦးတင်သန်း(ခ)ဦးဌေးလွင် [၈/မတန(နိုင်)၀၁၁၁၇၄]၊ အမိ ဒေါ်တင်တင်လေး (ခ) ဒေါ်စာပေါ[၈/အလန(ဧည့်)၀၀၀၁၀၁]တို့၏ သားဖြစ်သူ မောင်စိုးလွင်ဦး [၈/အလန(နိုင်) ၁၂၁၃၁၄]သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ် လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် ၎င်းပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်စိုးလွင်ဦးနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။ စုံစမ်း မေးမြန်းခြင်းသည်းခံပါ။

မိဘများ

ဦးတင်သန်း(ခ)ဦးဌေးလွင်-ဒေါ်တင်တင်လေး(ခ)ဒေါ်စာပေါ။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ကျေးဇူးတင်ရှိခြင်း

ဦးသိန်းချေ (မင်းပြား)

အသက်(၆၀)

၁၂-၄-၂၀၀၄ ရက် ည၁၀:၅၅နာရီတွင် ကွယ်လွန်သွားသော ဖခင် ကြီးအား ပြုစုစောင့်ရှောက်ပေးခဲ့ကြသော စစ်တွေဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ အဘက်ဘက်မှ ကူညီပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများ၊ စစ်တွေတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တကွ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ၊ ဆန်းဒေးဘောလုံးအသင်းမှ အသင်းသူ၊ အသင်းသားများ၊ ကစားဖော်ကစားဖက်များနှင့် တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ကြက်သားရောင်းမည်

ရွာသာကြီး စက်ရုံ၌ သန့်စင်ထားသော အသား ၁ပိဿာ ၁၈၀၀ကျပ် ခြေ၊ ခေါင်း ၁ပိဿာ ၈၀၀ကျပ် အသဲအမြစ် ၁ပိဿာ ၁၃၀၀ကျပ် များများယူလျှင်ဈေးထပ်လျှော့မည်။

ကိုမင်းကို Ph: 390422

လိုင်းခွဲ- 2304

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ၁ယ/၄၃၇၂၀ လက်ဝယ်ရှိသူမှ (ကမ-၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကညန (ခရိုင်ရုံး)မအူပင်သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ (မအူပင်)။

ပေါင်းတည်အသင်း(ရန်ကုန်)

ဦးလှမော်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီး လမ်း၊ ခြံအမှတ်(၂၇) အခန်း(၇၃/၇၄)နေ ဒေါ်ခင်မေမြ၏ ခင်ပွန်း၊ သာမန် အသင်းဝင် အမှတ်(၆၂၉) ဦးလှမော်သည် ၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ဦးသိန်းလှိုင်

အသက်(၅၆)နှစ်

D.P.M.S(Ygn),C.M.R(Osaka), B.Sc(Phy)Q,˚E.T.E.C(E.P)

ဓာတ်မှန်ကျွမ်းကျင်

(ဆာကူရာ၊ဗဟိုစည်အထူးကုဆေးရုံ)

(လှည်းကူး)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နေ (ဦးရှိန်-ဒေါ်သိန်းစိန်) တို့၏သား၊ နောင်ချိုမြို့၊ ဘန့်ဘွေးနေ ဦးလေးမောင်-(ဒေါ်သီသီ)တို့၏သားသမက်၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ရဲရန်အောင်လမ်း၊ အမှတ်(၅၂)နေ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ မောင်သိန်းထွန်းမြင့်၊ မောင်ထွန်းဇော်မြင့် (A.Gမုန့်တိုက်)၊ မအေးသန္တာချိုတို့၏ ချစ်လှစွာသော ဖခင်၊ အင်းစိန် ကြို့ကုန်း(၃)လမ်းနေ ဦးတင်ဝင်း-ဒေါ်လှလှဝေ၊ လှည်းကူးမြို့ ပါရမီရိပ်သာ မြင့်မိုရ်လမ်းနေ ဦးစိုးဝင်း (ရာပြည့်သချႋၤနည်းပြ)-ဒေါ်နုနုခိုင် တို့၏အစ်ကိုကြီး၊ မောင်အောင်ပြည့်ဖြိုး၊ မစိုးမြတ်အိဇာ၊ မောင်မြတ်သူနိုင်တို့၏ ဘကြီးသည် ၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ငပလီ ကမ်းသာယာ

EXPRESS PH: 292268

(သီးသန့်၃၀ဇပြီ၊ မေ ၅ပြန်)

(ဇပြီ၊ မေ၊ နေ့စဉ်၊ သွား၊ ပြန်ပို့သည်)

[ငပလီ(သီးသန့်) ၃-ည၊ ၅-ရက်]

[ကမ်းသာယာ (သီးသန့်)၃-ည၊၅-ရက်]

ကျပ် ၂၀၀၀၀ိ၊ ကျပ် ၃၀၀၀၀ိ

(မိသားစု၊ အထူးနှုန်း)

ဦးမြသောင်း(ရွှေဂုဏ်မြိုင်)အမှတ်(၇)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ပုဇွန်တောင်ဈေးကားမှတ်တိုင်ဆင်းရန်။ ဖုန်း-၂၉၂၂၆၈။

ဒေါ်တင်လှ

အသက်(၇၆)နှစ်

(ထားဝယ်)

အမှတ်(၅၆၄)၊ရေးလမ်း၊ မြောက်ရွာရပ်နေ (ဦးလူညို-ဒေါ်ပို)တို့၏သမီးကြီး၊ (ဦးအုန်းမောင်)၏ ချစ်လှစွာသောဇနီး၊ ဦးစံတင်- (ဒေါ်သန်းခင်)၊ ဦးသန်းလွင်-ဒေါ်နန်းကျော၊ ဒေါ်တင်အုန်း၊ ဦးရိုးမောင်-(ဒေါ်မြစိန်)တို့၏ အစ်မ၊ မစော ရွှေ၊ ကိုမျိုးလွင်-ဒေါ်ခင်မာလာ၊ ကိုသိန်းတန်၊ ကိုကျော်ကျော်သန့် (MEGA STEEL)၊ ဗိုလ်ကြီး ကျော်ခင်ဆင့် (တပ်မတော်လေ) - ဒေါ်ခင်မိုးသူ တို့၏ မွေးသမိခင်၊ မကေဇင်သွယ်၊ မနန္ဒာအိအိလွင်၊ မောင်မြတ်ဖုန်းဆင့် တို့၏ အဘွားသည်၁၅-၄-၂၀၀၄ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၀၄ ရက်တွင် ထားဝယ်မြို့၊ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုမင်းဆက် (Terry)

အသက်(၄၂)နှစ်

အမှတ်-၅၀၇၊ အခန်း(၄)၊ ပြည်လမ်း၊ ကမာရွတ်၊ရန်ကုန်မြို့နေ(စည်သူဦးချို -ဒေါ်ရာဇ)တို့၏မြေး၊ (ဦးသိန်းအောင်ချို-ဒေါ်ခင်ချိုချို)နှင့်(ဗိုလ်ကြီးတီဆက်-ရေ)-(ဒေါ်ခင်သန်းချို)တို့၏သား၊ ဦးချိုဆက်၊ (ကိုဘိုဆက်)တို့၏ညီ၊ (ဦးဆန်းချို-ဒေါ်နှင်းခိုင်)၊ (ဗိုလ်မှူးကြီးခင်မောင်ချို-ရေ-ငြိမ်း)-ဒေါ်မြမြဝင်း၊ (ဒေါ်လှိုင်လှိုင်ချို)-(သိက္ခာတော်ရဆရာ ဦးမောင်မောင်ဟန်)၊ (ဒုတိယဗိုလ်မှူးကြီးသူရကျော်ကျော်ချို)-ဒေါ်တင်တင်မြင့်တို့၏ တူသည် ၉-၄-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၀၄ရက်(စနေနေ့)တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)

ဒေါ်စန်းကြည် (၈၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်/ဒဂုံမြို့နယ် (၃၀)ရပ်ကွက်၊ထွန်းသီရိလမ်း၊အမှတ်(၄၄)နေ ရာသက်ပန်အသင်းဝင် ဒေါ်စန်းကြည်သည် ၁၃-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၄-၂၀၀၄ ရက်တွင် ထားဝယ်ချောင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်အုန်းမေ (၈၅)နှစ်

(မုံရွာမြို့)

မုံရွာမြို့ အောင်မင်္ဂလာရပ်၊ မြိုင်သဇင်လမ်းနေ ဦးညီမောင်(သတင်းစာကိုယ်စားလှယ်) ရတနာထွန်း ဆီစက်၏ ဇနီး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးမျိုးမြင့်သိန်း-ဒေါ်မြင့်မြင့်ဦးတို့၏မိခင်၊ မထက်ထက်လေးမြင့်၊ မောင်နေဝင်းထွန်းတို့၏ အဘွားသည် ၁၈-၄-၂၀၀၄(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄(တနင်္လာနေ့) ညနေ၄နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်အေး(ခ)နီနီ

အသက်(၇၈)နှစ်

(ပြင်ဦးလွင်)

(ဦးကံဘော်-ဒေါ်လေး)တို့၏ သမီး၊ (ဦးလှဖေ-ဒေါ်သန်းရီ)၊ (ဦးဖေသိန်း-ဒေါ်ခင်ဝင်းကြည်)၊ (ဒေါ်ရင်မြိုင်)၊ (ဦးသာနု-ဒေါ်အေးရီ) တို့၏ညီမ၊ (ဗိုလ်မှူးကြီးမောင်မောင်၊ငြိမ်း)- ဒေါ်ခင်ကြူကြူ၊ (ဦးတင်ကို)-ဒေါ်တင်လှ၊ ဦးခင်ဇော် - ဒေါ်ခင်သန်းနွဲ့ တို့၏ အစ်မသည် ၁၈-၄-၂၀၀၄ ရက် ညနေ ၃နာရီတွင် ဦးဝိစာရရိပ်သာနေအိမ်တွင် ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ ရက် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အခန်း-၂၊ တိုက်-၂၈၊ ဦးဝိစာရရိပ်သာ ဒဂုံမြို့နယ်နေအိမ်တွင် ရတ်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ စတုဘုမ္မိက(ထွန်းရတနာဆွမ်းစားကျောင်း)

ကျောင်းအမကြီး၊ ရဟန်းအမကြီး

ဒေါ်ကြူ (၆၉)နှစ်

တွံတေးမြို့နယ်၊ကျွန်းဘက်ကျေးရွာ

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၁၁)၊၁၆၅လမ်းနေ(ဦးထွန်းကြည်) ဇနီး၊ ကိုမြင့်သန်း-မအေးအေးရီ (မင်္ဂလာမြင့်သန်းပုဆိုးဆိုင်)၊ ကိုခင်မောင်သန်း-မသန်းသန်းလွင်(ထွန်းမိသားစုပုဆိုးဆိုင်)၊ ကိုဘိုဖြူ-မနုနုရီ၊ ကိုသောင်းထိုက်-မရှုကြည်၊ ကိုဝင်းကြိုင်- မစုစုခင် တို့၏ မွေးသမိခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၉-၄-၂၀၀၄(တနင်္လာနေ့) နံနက်၈နာရီ၃၀ မိနစ်တွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆွေစိုး
အသက်(၅၉)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း
သမဝါယမဝန်ကြီးဌာန

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ မကြီးကြီးလမ်းနေ (ဦးသန်းတင်-ဒေါ်ခင်ဆွေအေး)တို့၏သမီး၊ဦးကိုကို-(ဒေါ်မိမိခင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ မခင်ဆွေဝင်းကို၊ မောင်မျိုးဇင်၊ မောင်မျိုးထွေးတို့၏မိခင်၊ ဦးမြရွှေ-ဒေါ်ခင်ဆွေလှိုင်၏ညီမ၊ ဦးမောင်မောင်သန်းတင်-ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်ခင်ဆွေသန်း၊ ဦးမျိုးဟိန်း၊ ဒေါက်တာစောထွန်း-ဒေါက်တာခင်ဆွေဦး၊ ဗိုလ်မှူးချုပ်မျိုးလွင်-ဒေါ်ခင်ဆွေရင်နှင့် ဦးမျိုးဒင်တို့၏ အစ်မသည် ၂၀-၄-၂၀၀၄ရက် ည ၇း၄၀နာရီတွင် ရန်ကုန်မြို့၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ ရက် ညနေ ၄ နာရီအချိန်တွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုညီညီထွန်း(တူးတူး)
အသက်(၃၇)နှစ်
(တောင်ကြီး)

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဝန်ကြီးလမ်း၊ အမှတ်(၆၃)နေ (ဦးဆယ်မြူရယ်လ်မြတ်ထွေး)-ဒေါ်နုနုတို့၏ သား၊ ဒေါက်တာတေဇ-ဒေါ်နန်းမူငွေကြည်၊ ဗိုလ်မှူးသာထွန်းဖံ (MPPE)-ဒေါ်မေစန္ဒာဝင်းတို့၏ ညီ/မောင်၊ ကိုညီညီထွေး-မအေးအေးကျော်တို့၏အစ်ကို၊ မစိမ်းဝင့်ဝါ၊ မောင်မင်းထက်ကိုကိုတို့၏ မွေးသဖခင်သည် ၁၉-၄-၂၀၀၄ ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၁-၄-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံနှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးသန်းထွန်း (၇၇)နှစ်
(ရခိုင်ရိုးကြီးရွာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘုတာရပ်၊ ပန်းလှိုင်(၄)လမ်း၊ အမှတ်(၁၃၈)နေ(ဦးဘသော်-ဒေါ်ရွှေချစ်)တို့၏သား၊ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်းနေ ဒေါ်လှမြိုင်၏တူ၊ (ဒေါ်အေးမြင့်၊မင်းတုန်း)၏ ချစ်လှစွာသောခင်ပွန်း၊ သမိုင်းနေ (ဦးစိန်ထွန်းအောင်)-ဒေါ်တင်နုတို့၏ညီ၊ သမိုင်းနေ ဦးအုန်းဟန်-(ဒေါ်လှရှိန်)၊ ဦးဖိုးစိန်လမ်းနေ (ဦးအောင်ကြွယ်)-ဒေါ်ခင်လှိုင်၊ ကြည့်မြင်တိုင်နေ ဦးစံမြ-ဒေါ်သန်းမြင့်၊ ဦးစိန်မြို့-ဒေါ်တင်ရီ၊ ဗိုလ်မှူးချုပ်စိုးမြင့် - ဒေါက်တာဒေါ်ညွန့်ညွန့်၊ (ဦးဝင်းမောင်)-ဒေါ်မြစိုးတို့၏အစ်ကိုသည် ၂၀-၄-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ရဟန်းဒါယိကာမ
ဒေါ်တင်ကြည် (၇၄)နှစ်
(မြိတ်)

မြိတ်မြို့၊ ကံဖျားရပ်နေ (ဦးထွန်းခင်-ဒေါ်ရွှေမြို့)တို့၏ သမီးထွေး၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၇)နေ (ဦးမြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းမြင့်၊ ဦးသန်းနိုင်(မီးရထား)၊ ဦးချစ်အောင်ကြီး (တွင်ခုံ)-ဒေါ်ခင်မြတ်လင်း၊ ဦးကျော်သူ (Adv;Eng: Co.,Ltd)၊ ဒေါ်ဝင်းဝင်းမြင့်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်စိုးဟန်၊ မောင်အောင်ကောင်းမြတ်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့) နံနက် ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊တန်ဆောင်း၊ ဇရပ်၊ရေတွင်း၊ရေကန်၊ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်ကြည် (၇၂)နှစ်
(ရွှေတောင်မြို့)(မြပိုးထည်တိုက်)

ရွှေတောင်မြို့နေ (ဦးခင်မောင်-ဒေါ်ထားပု)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လမ်း(၃၀)၊ အမှတ်(၂၃၇)၊ ဒုတိယထပ်နေ (ဦးမြ)-ဒေါ်ညွန့်ညွန့်ခင်တို့၏ညီမ၊ မောင်လှသောင်း၊ မောင်မြင့်ကြည်တို့၏ အစ်မ ဒေါ်ခင်ကြည်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ပု (၅၉)နှစ်
စိုက်ပျိုးရေး(ငြိမ်း)ကလေး

ကလေးဝမြို့နေ(ဦးဘိုးညို-ဒေါ်နွားမေ)တို့၏သမီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ နယ်မြေ(၁၆)နေ ဦးချို(စိုက်ပျိုးရေး-ငြိမ်း)၏ဇနီး၊ ကိုမျိုးသက်ထွန်း (SAE ဆောက်လုပ်ရေး၊ မိတ္ထီလာ-တောင်ကြီးလမ်း)၊ ကိုစိုးလှိုင်ထွန်း (မီဂါဆေးကုမ္ပဏီ)-မထားထားရီ၊ မချိုမာထွန်း (B.E.E.C) MIT တို့၏ မိခင်သည် ၂၀-၄-၂၀၀၄ရက်နံနက်၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် မြင်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ဇော်ဇော်အောင်
အသက်(၂၅)နှစ်
B.E (Mech)
D.S.T.A 5th Intake

သန်လျင်မြို့နယ်၊ ကျိုက်အင်းကျေးရွာနေ ဦးမျိုးအောင်[တပ်မတော်-ရေ၊ ငြိမ်း၊ M.F.S.L Shipping Co. Ltd]-ဒေါ်စန်းစန်းနွဲ့တို့၏ ချစ်လှစွာသောသားကြီး၊ မမျိုးနန္ဒာအောင်[B.A (Eng) B.E (Electronic) Final Year, G.T.C(Hmawbi)]၏ ချစ်လှစွာသောအစ်ကိုသည် ၁၆-၄-၂၀၀၄ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၅း၂၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ၂၂-၄-၂၀၀၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးသန်းထွန်း(၇၇)နှစ်
(ရခိုင်ရိုးကြီးကျေးရွာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘုတာရပ်၊ ပန်းလှိုင်(၄)လမ်း၊ အမှတ်(၁၃၈)နေ (ဦးဘသော်-ဒေါ်ရွှေချစ်)တို့၏ သား၊ (ဒေါ်အေးမြင့်၊ မင်းတုန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဌေးဝင်း (Petronas Carigali Myanmar Limited)-ဒေါ်ခင်ဝင်းမြင့်၊ ဦးဇော်ဝင်းအောင်၊ ဦးဇော်လင်းအောင်၊ (ဦးဇော်ဒိုင်း)-ဒေါ်ခင်ဝင်းတင့်၊ ဦးဇော်မိုးအောင်၊ ဦးမြတ်သူ-ဒေါ်ဌေးဌေးတင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဓမြတ်မွန်၊ မောင်ဗဟုဇော်ဒိုင်း၊ မောင်ဘုန်းမြတ်သူ၊မောင်ဟန်သူရတို့၏ ချစ်လှစွာသောအဘိုးသည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တိုက်ကြီးမြို့နယ်အသင်း
ဒေါက်တာခင်မောင်လတ် (ခ) ဦးကျင်တိတ်
အသက်(၆၅)နှစ်
အလုပ်အမှုဆောင်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၅၁)နေ ဒေါ်ရိုစလင်(ခ) ဒေါ်ခင်နှင်းအေး၏ ခင်ပွန်း၊ ကိုလင်းအောင်သက်-မသစ်သစ်ဦး၊ ဒေါက်တာမီမီသက်တို့၏ဖခင်၊ ဒေါက်တာခင်မောင်လတ်(ခ)ဦးကျင်တိတ်သည် ၁၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာကို တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ကိုတင်စိုး (၃၅)နှစ်
(ရန်ကင်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ အမှတ်(၁၁၇၃)နေ(ဦးတင်အေး)-ဒေါ်ပြုံးကြည်တို့၏သား၊ တိုက်(၃၅၈)၊ အခန်း(၃)၊ ရန်ရှင်းလမ်း၊ အနောက်ရန်ကင်းနေ ဒေါ်ခင်မြင့်ကြည်၏ သားသမက်၊ ဦးသိန်းလွင်၊ ဦးထွန်းဝေ၊ ဦးအောင်ကြည်(ရန်ကင်းရဲစခန်း)-ဒေါ်ပိုပိုအေးတို့၏ ညီ/မောင်၊ ဒေါ်ဆွေမာလင်း(ခ) ညက်ညက်၏ ခင်ပွန်း၊ မသင်းသဇင်၏ မွေးသဖခင်၊ မောင်ဟိန်းနိုင်စိုး၊ မောင်ရှိန်းမင်းပိုင်၊ မဓာဓာအောင်တို့၏ ဦးလေးသည် ၁၉-၄-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး(ခ)မာလွင်
အသက်(၇၆)နှစ်
B.A,B.L,C.P.A
သင်တန်းကျောင်းသူဟောင်း
ဒု-လက်ထောက်ညွှန်မှူး(ငြိမ်း)
(ယခင်ကြေးထည်မြေထည်ကော်ပိုရေးရှင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီ၊ မဥ္ဇူလမ်းသွယ်နေ (ဦးလွင်-ဒေါ်မာရီ)တို့၏ သမီးကြီး၊ မုံရွာမြို့၊ ရှမ်းတောရပ်နေ (ဦးအောင်-ဒေါ်ယဉ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈၅)၊ ကုန်းမြင့်ရိပ်သာနေ ဦးမော်သန်း(ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊မနန်းခမ်းနုမော်(တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ကမာရွတ်)၏မိခင် ဒေါ်သန်းသန်းအေးသည် မဟာမြိုင်ဆေးခန်း၌ ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကုန်းမြင့်ရိပ်သာနေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လေး အသက်(၇၀)
ဆက်သွယ်ရေးတပ် (အငြိမ်းစား)
(ကျိုက်ထို)

ကျိုက်ထိုမြို့နေ (ဦးမောင်လေး-ဒေါ်ညိုမြ)တို့၏ သား၊ (ဒေါ်လုံးတင်)၊ ဒေါ်လုံးခင်တို့၏ မောင်၊ ဒေါ်တင်ကြည်၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊(၇)လမ်း၊အမှတ်(၁၄၄/၂)နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်အေးအေး၊ ဦးသိန်းတန်-ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း-ဒေါ်ဌေးဌေး၊ (ဦးစိုးဟန်)-ဒေါ်သင်းသင်းခိုင်၊ ဦးစိုးထွန်း-ဒေါ်တင်တင်ဌေး၊ ဦးသိန်းဇော်-ဒေါ်ဖြူဖြူထွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညီညီအောင်(၄၂)နှစ်
(B.V.S)
(မန္တလေး)

မန္တလေးမြို့၊ (၃၂)လမ်း၊ ရန်မျိုးလုံရပ်နေ (ဦးစန်းနွယ်)-ဒေါ်တင်တင်တို့၏ သား၊ ၈၁လမ်း၊ ၁၃၊၁၄လမ်း ကြားနေ ဦးသောင်းရင်-ဒေါ်စန်းတို့၏ သားသမက်၊ ရဲအုပ်အေးကို-ဒေါ်ခင်မြဝင်း၊ ဒေါ်ရည်ရည်အောင် (ပါမောက္ခ/ဌာနမှူး ရှေးဟောင်းသုတေသန ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးသန်းနိုင်(ဦးစီးအရာရှိ၊ ရှေ့နေချုပ်ရုံး)-ဒေါ်တင့်တင့်ထူး၊ ဦးကျော်စိုး-ဒေါက်တာကြည်ကြည်ခိုင် (မိခင်/ကလေး၊မလှိုင်)၊ ဒေါ်မူမူအောင် (အထပြ၊အထက-၁၆၊ မန္တလေး) တို့၏ ညီ/မောင်၊ ဒေါ်နီနီအေး(အမက-၃၄၊ မန္တလေး)၏ခင်ပွန်း၊ မခိုင်ဆုညီညီ၏ မွေးသဖခင်သည် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာန၌ ၁၉-၄-၂၀၀၄ (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၅နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်တက္ကသိုလ်နယ်မြေ၊ အင်ကြင်း ဆောင်အဆောင်မှူး ဒေါ်ရည်ရည်အောင်၏နေအိမ်မှ ကားများ ညနေ၃း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကင်းညွန့်
အသက် (၈၅)နှစ်
(ချောက်မြို့)

ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ပီကြူး၊ အောင်လံမြို့နေ ဦးထွန်းအေး-ဒေါ်သီဂီ၊ ချောက်မြို့နေ ဦးဝင်းဇော်-မလှမြင့်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်တင့်-(ဒေါ်သန်းဌေး)၊ ရန်ကုန်မြို့၊အောင်မင်္ဂလာအဝေးပြေးကားဝင်းနေ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းဌေး၊ မခင်နု၊ မန္တလေးမြို့နေ ဦးမောင်မောင်ဆင့်-ဒေါ်တင်တင်မွေး၊ ဦးမောင်မောင်-ဒေါ်မီမီလွင်၊ ရန်ကုန်မြို့နေ ဦးစန်းလွင်-ဒေါ်ဝါဝါတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကွယ်လွန်သူဒေါ်မွေး၏ခ ျစ်လှစွာသောခင်ပွန်း၊ မြေး၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကင်းညွန့်သည် ရန်ကုန်မြို့ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ၂၀-၄-၂၀၀၄ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
ဒေါက်တာခင်မောင်လတ်(ခ)ဦးကျင်တိတ်
အသက်(၆၅)နှစ်
(တိုက်ကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၅၁)နေ (ဦးဘချူး-ဒေါ်ခင်စော)တို့၏သား၊ (ဦးဖီးယား-ဒေါ်ရှုကီ)တို့၏ သားသမက်၊ (ဦးရန်းဝှက်-ဒေါ်အော)၊ (ဦးရောက်တန်း)-ဒေါ်ကျင်ဝမ်၊ ဦးအောင်ရွှေ-ဒေါ်ရှုပ်ဗှာ၊ ဦးကျင်ရှိန်-ဒေါ်တင်စိန်၊ ဦးယုရုံ-(ဒေါ်တင်ကြည်)၊ ဦးလှမြင့်-(ဒေါ်မြင့်)၊ ဒေါ်သန်းလွင်၊ ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဒေါ်ရိုစလင်း(ခ)ဒေါ်ခင်နှင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ကိုလင်းအောင်သက်-မသစ်သစ်ဦး၊ Dr.မီမီသက် (အလုပ်သမားဆေးရုံကြီး)တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ရစ်သောအရိုးပြာကို တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ချူကြူးတေး(ခ)ဒေါ်ငယ်
အသက် (၁၀၃)နှစ်
(ရေတာရှည်မြို့)

ပဲခူးတိုင်း၊တောင်ငူမြို့နေ(ချူဦးစန်း-ဒေါ်ပူဝါး) တို့၏သမီး [တော်ကီကျွမ်း(ခ) ဦးကြည်ရွက်]၏ ဇနီး၊ ဦးဟံကွန်း-ဒေါ်ညွန့်ညွန့်၊ ဦးကိန်လွန်း-ဒေါ်ဝေသန်း၊ (ဦးစိုးလှိုင်)၊ ဦးအေးမင်း-ဒေါ်ခင်ခင်မြတ်၊ [ဦးဘေယား(ခ) ဦးကျော်ဝင်း]၊ ဒေါ်မြမြလွင်၊ ဦးကိန်းဝင်း-ဒေါ်ခင်ထားထားတို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ် ၂၆ယောက်တို့၏ အဘွားသည် အမှတ် ၅၆၊ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်တွင် ၂၀-၄-၂၀၀၄ရက် နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများနံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Thomas Cin Za Suan (PA SEEN)
YCCF
TONZANG
အသက်(၈၃)နှစ်

ချင်းပြည်နယ်၊ တွန်းဇံမြို့နေ (Pu Gen Kai-Pi Ciin Niang) တို့၏ ပဥ္စမမြောက် သား၊ (Pi Vung Zam)၊ (Pu Khup Cin Dai)၊ (Pu Kham Za Suan)၊ (Pu Pau Suan Kham) တို့၏ညီ/မောင်၊ Pu Kham Khan Dal၊ (Pu Gin Suan Nang)တို့၏ အစ်ကို၊ (Pi Tun Zen) ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(၁၃၈)(ပထမထပ်)၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ Rev. Sian Cin Thang(ICC)-Nu Zam Suan Niang၊ Nu Niang Ngaih Lian-Pa Gin Khen Thang (လ/ထ ပြည်နယ်ပညာရေးမှူး-ငြိမ်း)၊ Nu Dim Ngaih Cing(အလက-၁၊ပြည်)- (Pa Cin Khan Khup၊ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ-ပြည်)၊ Nu Niiang Nagih Lun (စာရင်းစစ်မှူး၊ စာရင်းစစ်ချုပ်ရုံး)၊ Nu Dam Ngaih Lian (အထက-တွန်းဇံ)-Pa Tuan Khen Mang၊ Pa Kai Suan Mung-Nu Niang Khan Lun၊ Pa Suan Thawn Thang-Nu Cing Khan Lunတို့၏ ချစ်လှစွာသောဖခင်၊ မြေး၃၄ ယောက်၊မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူး နေ့)မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်း၊ အမှတ်(၂၉၂/ဘီ)၊မြေနီကုန်း၊စမ်းချောင်း၊ ပြည်လမ်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မမေဦးမိုး (၁၅)နှစ်
နဝမတန်း၊ ထ/၁ သုဝဏ္ဏ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၅)၊ တိုက်အမှတ်(၉၀)၊ အခန်း (၇)နေ ဦးမြင့်သိန်း-ဒေါ်လှလှ၊ ဦးလှမြင့်-ဒေါ်တင်ရီတို့၏ မြေး၊ ကိုတင်ဇော်မိုး-မတင်တင်မျိုးတို့၏ သမီး၊ မဖူးဇပရယ်မိုး၊ မောင်အောင်လွင်ဦးတို့၏ အစ်မသည် ၁၉-၄-၂၀၀၄(တနင်္လာနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းစိန်
အသက်(၉၆)နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ အမှတ်(၁၄၆) တတိယထပ်နေ (ဦးဖိုးမြ-ဒေါ်ကြော့)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးကျော်စိန်-ဒေါ်မူမူမြင့်၊ ဦးစိုးဝင်း-ဒေါ်ဌေးဌေးအောင်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်၁၀ယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၀၄ ရက်နံနက် ၆း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေး
အသက် (၈၀)
(ပုသိမ်)

ရန်ကုန်မြို့နေ (ဦးမောင်ကွမ်း-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးထွန်းအောင်-ဒေါ်စိန်ဥ)တို့၏ သမီးချွေးမ၊ (ဦးလှဟန်)၏ဇနီး၊ ကာတွန်းဦးအောင်ရှိန်၏ အစ်မ၊ ဦးမောင်မောင်အေး-ဒေါ်ခင်မာဝေ၊ ဦးဘိုထွေး-ဒေါ်မာမာဌေး၊ ဦးခင်မောင်တင့် - ဒေါ်အေးအေးချိုတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၀၄ (အင်္ဂါနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၈၅၃၊ အောင်သစ္စာ(၃)လမ်း၊ (၂၉) ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘလှိုင်(ပျော်ဘွယ်)
အသက်(၇၂)နှစ်
လ/ထညွှန်မှူး(အင်/ယာ)(ငြိမ်း)
နယ်စပ်/စည်ပင်

ပျော်ဘွယ်မြို့နေ ဦးဘဂျမ်း-ဒေါ်အမတို့၏သား၊ စာတိုက်ဗိုလ် ဦးဘဦး-ဒေါ်အေးရီတို့၏သားသမက်၊ (ဒေါ်တင်တင်)၊ စစ်ကိုင်းမြို့နေ ဦးဘခိုင်(ဒု-ညွှန်မှူး၊ငြိမ်း၊ထွေအုပ်)တို့၏ ညီ/မောင်၊ (ဦးတင်မြင့်၊မန်နေဂျာ၊ငြိမ်း၊ လယ်စိုက်ရှင်း၊မန္တလေး)၏ အစ်ကို၊ (ဒေါ်သိန်းသိန်း-ဆရာမ၊ငြိမ်း)၏ခင်ပွန်း၊ ဦးတင်ကြည်(လ/ထညွှန်မှူး၊ပဲခူးတိုင်းလျှပ်စစ်စစ်ဆေးရေး) - ဒေါ်သန်းသန်းဦး (မြို့နယ်ဥပဒေအရာရှိ - ပဲခူးခရိုင်ဥပဒေရုံး)၊ ဒုရဲမှူး ဦးမြင့်ဦး(အမှတ်-၃၊ ယာဉ်ထိန်းနယ်မြေမှူး)-ဒေါ်ထားထားဦး(ရဲအုပ်-ငြိမ်း)၊(ဦးလှမျိုး)၊ (ဦးသန်းနိုင်)၊ ဦးမျိုးလှိုင်-ဒေါ်အုန်းလှ၊ ဦးဝင်းဇော်ဦး-ဒေါ်ရီရီလှိုင်(ဒုဦးစီးမှူး၊ တွံတေးစည်ပင်)၊ဦးတက်ထွန်း-ဒေါ်စန်းစန်းလှိုင်၊ ဦးသီထွေး၊ (ဦးတင်မောင်အေး)-ဒေါ်နှင်းနှင်းယုတို့၏ဖခင်၊မြေး၁၀ယောက်တို့၏ အဘိုးသည် ၁၉-၄-၂၀၀၄ရက်တွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၁-၄-၂၀၀၄ရက်မွန်းတည့်၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကန် သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ်မြတ်
သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်း၊ တုလွတ်စံကျောင်းတိုက်၏ဦးစီးပဓာန မဟာနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူသော ဘဒ္ဒန္တ ဣန္ဒာစာရ မဟာထေရ်မြတ်ကြီးသည် (၁၃၆၆ခုနှစ်၊ကဆုန်လဆန်း ၁ရက်)၊၁၉-၄-၂၀၀၄(တနင်္လာနေ့)ညနေ ၄း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၆၆ခုနှစ်၊ကဆုန်လဆန်း ၅ရက်)၊၂၃-၄-၂၀၀၄ရက်ညနေ ၅နာရီတွင်ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနဆင်ယင်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဒေဝသာဂရ သိမ်ကုန်းတုလွတ်စံကျောင်းတိုက်မှ မွန်းလွဲ ၁နာရီတွင် ကားများထွက်ပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်ပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဖြစ်တော်မူခဲ့သော ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်မြတ်သည်(၁၃၆၅ခုနှစ် တန်ခူးလဆန်း ၉ ရက်) ၂၉-၃-၂၀၀၄ရက်တွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက်) ၂၅-၄-၂၀၀၄ ရက်တွင် အန္တိမအဂ္ဂိဈာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေတိဂုံ အဖွားခက်မွှေးရုံ
ဆရာတော်ဘဒ္ဒန္တ ဇဋိလ
သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်

ရွှေတိဂုံ အောက်ပစ္စယာ အဖွားခက်မွှေးရုံ၌ သီတင်းသုံးနေထိုင်တော်မူသော အဖွားခက် ဆရာတော်ဘဒ္ဒန္တဇဋိလ(သာသနဓဇ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ လိပ်ခြင်ရွာဆရာတော်)သည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၂ ရက်၊ (အင်္ဂါနေ့) ညနေ ၃း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ အန္တိမဈာပနရက်ကို ထပ်မံကြေညာပါမည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးစောထွန်းအောင်(၇၅)နှစ်

စီးပွားရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (EMBA)သင်တန်း 1st Batch မှ ဒေါ်သိန်းသိန်းအောင်၏ ဖခင် ဦးစောထွန်းအောင်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနမှူးပါမောက္ခနှင့်ကျောင်းသား၊သူများ
စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ရီ(၆၈)နှစ် (ကျေးတောရွာ၊တောင်ငူမြို့)

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သဘော်သားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်၏မိခင်ဒေါ်ညွန့်ရီသည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းများ၊သဘော်သားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲ။

ဘုရားသိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ဝိုင်း (၈၃)နှစ်
(လယ်ဝေး)

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ နောင်ဘိုအရှေ့ရွာနေ(ဦးဘိုးမှင်-ဒေါ်အေးကောင်း)တို့၏ သမီးကြီး၊ (ဦးမောင်ပု)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးသိန်းလွင်-ဒေါ်သန်းသန်းလွင်၊ သပြေပင်ရွာနေ ဦးသိန်းလွင်-ဒေါ်နီနီလွင်၊ ရန်ကုန်မြို့နေ ဦးမျိုးသိန်း-ဒေါ်စန်းစန်းလွင်၊ ဦးမောင်မောင်လွင်၊ ဒေါ်စိုးစိုးမော်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ဝိုင်းသည် ၂၀-၄-၂၀၀၄ရက် နံနက် ၈နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ယင်းနေ့ညနေ၅နာရီတွင် ရေဝေး သုသာန်၌ သင်္ဂြိုဟ်ပြီးကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအားသိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးသန်းနိုင်(၆၁)နှစ်
ပါမောက္ခ၊ ဘူမိဗေဒဌာန
မော်လမြိုင်တက္ကသိုလ်

(ဦးသိန်းမောင်-ဒေါ်ကြင်ခ)တို့၏သား၊ ဒေါ်တင်တင်မြင့်၏ခင်ပွန်း၊ မထက်ဝေနိုင် (Receptionist, China Shipping Container Line)၏ဖခင်၊ ဒေါ်ကေသီ၏ ဦးလေး ဦးသန်းနိုင်သည် ၁၈-၄-၂၀၀၄ရက် ညနေ ၄နာရီတွင် မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက်တွင် မော်လမြိုင် ပိန္နဲကုန်း မြန်မာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂၄-၄-၂၀၀၄ရက်တွင် မော်လမြိုင်တက္ကသိုလ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးပါမည့်အကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စောတင်(ခ)ရှန်စောတင်
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၇)လမ်း၊ အမှတ်(၃၂)နေ (ဦးလင်ဘိကိန်)၏ဇနီး၊ ဒေါ်စန်းစန်းရင်-ဦးသိန်း၊ ဒေါ်မေအောင်-ဦးမြတ်ဦး၊ ဦးလှသိန်း(ခ)ကိုလင်း (Director-Sri Asia Tours)-ဒေါ်မေဝါ၊ ဦးဟန်စိန်-ဒေါ်ရီရီမြင့်၊ဦးမျိုးဝင်ဟန်-ဒေါ်နီလာသန်း၊ လင်စွေဟုမ်တို့၏ မိခင်၊ မြေး၁၅ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘကြည်သက် (၄၈)နှစ်
(ရွှေပန်းထိမ်)
(မာန်အောင်)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ဆင်နားချောင်ကျေးရွာနေ (ဦးဘအောင်)-ဒေါ်အေးကြည်တို့၏ သား၊ ဦးဘညွန့်-ဒေါ်ရီတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်းအနောက်၊ အမှတ်(၂၃)နေ (ဒေါ်စန်းစန်းဝင်း)၏ ခင်ပွန်း၊ မောင်ဇင်မျိုးသက်၊ မောင်ဝင်းထွဋ်သက်(မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၊ မဆုမွန်သက်တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးဘကြည်သက်သည် ၁၉-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ

အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တို့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာဇာတ်ရုံ၌ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်၏ ဆိုဗီယက်ရုရှားပြန် ဆပ်ကပ်ပညာဒီပလိုမာ အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ဆပ်ကပ်အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက်ပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✡

ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဆိုဗီယက်ရုရှားပြန် ဦးမောင်မောင်၏ ဆိုဗီယက် ရုရှားပြန် ဆပ်ကပ်ပညာ ဒီပလိုမာ အာဇာနည်စန်းစန်း ဆပ်ကပ် အဖွဲ့ကြီး၏ ဖျော်ဖြေတင်ဆက် ပွဲသို့ တက်ရောက်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)



တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်မှုဇုန် (၁၉)ဇုန်အထိ စုစုစည်းစည်း တိုးတက်ဖြစ်ပေါ်လာ နိုင်ငံတော်၏စက်မှုကဏ္ဍ ထပ်ဆင့်မြှင့်တင် ပြောင်းလဲတိုးတက်ရန် အချိန်အခါရောက်နေ အနာဂတ်နှင့်ယှဉ်ပြီး ထက်မြက်သည့်တွေးခေါ်မှုများဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို ပံ့ပိုးဖော်

အမြန်ဆုံးတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏အနာဂတ် ခေတ်မီရှင်သန်မည်

ရန်ကုန် ဧပြီ ၂၀

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်မှုလက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳